# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၃) ရက်၊ အင်္ဂါနေ့ ၊ (29-8-2023) ၊ အတွဲ (၃၂)၊ အမှတ် (၁၂၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝ ရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။

**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဉယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဉယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့်နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီများ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ တံတား၊ ဉယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်၍ ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။


**စာမျက်နှာ ၁၈ ကော်လံ ၁ သို့**



**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်း၊ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း။
ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း။
E-Topup ဖုန်းပြောခပြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊
Internet Bill ပေးဆောင်ခြင်း။ Skynet Bill Payment ပေးသွင်းခြင်း။
Gift Card ပေးခြင်း။ ပြည်ပငွေလွှဲ(ထိုင်း)၊
မြန်မာအာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၀
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ရတနာပုံ
၂၀၁၃ ခုနှစ် ဩဂုတ် ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားမြှင့်တင်ရေး

နိုင်ငံ၏စီးပွားရေးတွင် ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေး နှစ်ခုရှိသည်။ ထိုစီးပွားရေးများသည် ကိုဗစ်ကာလအတွင်း ကုန်ထုတ်လုပ်မှုများ အားနည်းခဲ့သည့်အပြင် ပို့ဆောင်ရေးဆိုင်ရာလုပ်ငန်းရပ်များတွင်လည်း အခက်အခဲများဖြစ်ပေါ်ခဲ့သည်။ အလားတူ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ၊ ဖြစ်ပေါ်လာသည့် ပြဿနာများကြောင့် ကုန်သွယ်ရေးကိုလည်း ထိခိုက်စေခဲ့ပြီး နိုင်ငံ့စီးပွားရေးကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းခဲ့သည့် စီးပွားရေးကို မြှင့်တင်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် **Quick Win** ဖြစ်မည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ကုန်ဈေးနှုန်းများမြင့်တက်စေရန်အတွက် အချို့ဝိသမလောဘသမားများ၏ ဈေးကစားမှုများရှိသည်။ ထိုသို့လုပ်ဆောင်မှုများကို ကြပ်မတ်ဆောင်ရွက်ရန် အရေးကြီးသည်။ ငွေကြေးဈေးကွက်ကို အဓိက ကစားနေကြသူများမှာ ပြည်တွင်းကျပ်ငွေ၊ နိုင်ငံခြားငွေနှင့် ရွှေကိုင်ထားကြသူများက ဈေးကစားနေခြင်းဖြစ်သည်။ နိုင်ငံခြားငွေကိုင်ထားကြသူများက ၎င်းတို့ နိုင်ငံခြားငွေ တန်ဖိုးတက်စေရန်၊ မြန်မာငွေကျပ်ကိုင်ထားသူများက ရွှေဝယ်၍ ရွှေဈေးတက်စေရန် ဆောင်ရွက်နေကြသည်။ အလားတူ မော်တော်ယာဉ်များ၏ ဈေးနှုန်းများမှာလည်း ထိုက်သင့်သည့်ဈေးထက် များပြားနေသည်။ ငွေကိုင်ထားသူများအနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးရှိမည့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံခြင်းထက် ငွေရလွယ်ပြီး အမြတ်များများရနိုင်မည့် လုပ်ငန်းများကိုသာ လုပ်ကိုင်လိုခြင်းကိုလည်း နည်းမှန်လမ်းမှန်ဖြစ်အောင် ပြုပြင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံခြားငွေနှင့် ရွှေဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ရန်လိုအပ်ပေသည်။

စီးပွားရေးမြှင့်တင်ရေးလုပ်ငန်းများအတွက် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် ပို့ဆောင်ရေးလုပ်ငန်းများတွင် ထိရောက်အောင်ဆောင်ရွက်ရန်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများရပ်တန့်ထားခဲ့သည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသည်။ ထို့ကြောင့် စက်ရုံအလုပ်ရုံများ ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သွင်းကုန်များနှင့်ပတ်သက်၍လည်း လိုအပ်သည့်ကုန်ကြမ်းများကို နိုင်ငံအတွင်း၌ ထုတ်လုပ်နိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းများမှ ထုတ်ကုန်များ ထုတ်လုပ်နိုင်သည်။

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များရှိပြီဖြစ်သည်။ အကြောင်းအမျိုးမျိုးပြပြီး ထိရောက်စွာဆောင်ရွက်နိုင်မှုမရှိသဖြင့် တိုးတက်မှုနည်းပါးခဲ့သည်။ အထူးစီးပွားရေးဇုန်ဖြစ်သည့် ကျောက်ဖြူစီးပွားရေးဇုန်၊ ထားဝယ်စီးပွားရေးဇုန်၊ သီလဝါစီးပွားရေးဇုန်တို့သည် မြန်မာနိုင်ငံအတွက်သာမက အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသဖြင့် တိုးတက်မှုအမြန်ဆုံးရရှိရန်နှင့် အလုပ်ဖြစ်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားရေးမြှင့်တင်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးဇုန်များဖြင့် ဆောင်ရွက်ခြင်းသည် အကောင်းဆုံးပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဇုန်များ တိုးတက်အောင်ဆောင်ရွက်ပြီး နိုင်ငံ့စီးပွားရေးကို နိုင်ငံသူနိုင်ငံသားအားလုံး ကမ္ဘာကြည့်ကြည့်၍ အတူတကွဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ရောဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနားဘက်ရှိ မြစ်ကမ်းဘေးနေသူများ သတိပြုနေထိုင်ရန်လိုဟုဆို



**မန္တလေး ဩဂုတ် ၂၈**

ရောဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်း မြင့်တက်လာခြင်းကြောင့် ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနားဘက်ရှိ မြစ်ကမ်းဘေး ကျေးရွာများ၌ နေသူများ သတိပြုနေထိုင်ကြရန်လိုကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုအခါ ရောဝတီမြစ်အတွင်း မြစ်ရေတဖြည်းဖြည်းမြင့်တက်လျက်ရှိကြောင်း၊ ထိုသို့ ရောဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ရွှေကူ၊ ဗန်းမော်၊မြစ်ကြီးနားဘက်ရှိ မြစ်ကမ်းဘေးအနီးတွင် နေထိုင်လျက်ရှိသည့် ကျေးရွာများမှ ပြည်သူများအနေဖြင့် သတိပြုနေထိုင်ရန်လိုကြောင်း သိရသည်။

"အခုက ရောဝတီမြစ်ရေများ ချိန်ကာလထဲကို ရောက်ရှိလာပါပြီ။ အခုမြစ်ရေက တဖြည်းဖြည်းတက်လာတာကြောင့် မြစ်ကမ်းဘေးမှာနေတဲ့ကျေးရွာတွေမှာ ယာယီတဲတွေထိုးပြီးနေတာတွေအပါအဝင် မြစ်ကမ်းစပ်နားမှာ နေထိုင်သူတွေ အနေနဲ့လဲ အထူးဂရုပြုနေထိုင်ကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

ရောဝတီမြစ်အတွင်း မြစ်ရေရုတ်တရက်ထပ်မံမြင့်တက်လာပါက မြစ်ကမ်းဘေး နေရာများတွင် ယာယီတဲထိုး၍ နေထိုင်သူများ အနေဖြင့် အန္တရာယ်ရှိနိုင်ခြင်းကြောင့် သတိပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ အလားတူ မြစ်ကမ်းဘေးရှိ ကျေးရွာများအတွင်းသို့လည်း မြစ်ရေဝင်ရောက်လာနိုင်ခြင်းကြောင့် အထူးသတိပြုနေထိုင်ကြရန်လိုအပ်ကြောင်း သိရသည်။

အလားတူ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့နံနက် ၆နာရီ မိနစ် ၃၀ က တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၈၅၂ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၉၁၆ စင်တီမီတာ၊ ရွှေကူမြို့တွင် ၈၁၅ စင်တီမီတာ၊ ကသာမြို့တွင် စင်တီမီတာ ၈၈၀၊ သပိတ်ကျင်းမြို့တွင် ၁၁၄၅ စင်တီမီတာ၊ မန္တလေးမြို့တွင် ၈၆၁ စင်တီမီတာထိရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့်စားတော်ပဲ အရောင်းအဝယ်ကောင်းလာပြီး ဈေးကောင်းရရှိနေ

**မန္တလေး ဩဂုတ် ၂၈**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေထောက်ပဲနှင့် စားတော်ပဲ အရောင်းအဝယ် ကောင်းလာပြီး ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ပဲ၊ နှမ်းစသည့် ကုန်စည်များထဲတွင် ယခင်က မြေထောက်ပဲနှင့် စားတော်ပဲမှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးခဲ့ကြောင်း၊ ယခုလက်ရှိတွင် မြေထောက်ပဲနှင့် စားတော်ပဲကို ကုန်သည်များ ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ် ကောင်းနေကြောင်း သိရသည်။

"မြေထောက်ပဲနဲ့စားတော်ပဲက အရင်တစ်ပတ်လောက်က အဝယ်မလိုက်တာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ် ပြန်ကောင်းလာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဩဂုတ် ၂၁ ရက် ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ မြေထောက်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ဩဂုတ် ၂၁ ရက် ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၃၅၀၀၀ သာရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၈၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည် စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်းစုများက အသင်းသားများကို မိုးစပါးစိုက်ပျိုးရန် ငွေကျပ်သိန်း ၃၂၀၀ ကျော် ထုတ်ချေးပေးထား

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်းသားများကို သက်ဆိုင်ရာမြို့နယ် သမဝါယမအသင်းစုများက အသင်းပိုင်ငွေများဖြင့် မိုးစပါးစိုက်ပျိုးရန် ငွေကျပ်သိန်း ၃၂၀၀ ကျော် ထုတ်ချေးပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မိုးက ပြောပြ၍ သိရသည်။

မြို့နယ်သမဝါယမ အသင်းစုသည် အသင်းပိုင်ငွေများဖြင့် မိုးစပါးစိုက်ပျိုးရန် မြို့နယ် ငါးမြို့နယ်ရှိ သမဝါယမအသင်း ၂၉ သင်း၊ အသင်းသားတောင်သူ ၆၄၂ ဦး၊ မိုးစပါးစိုက်ဧက ၁၇၉၈ ဧကအတွက် ပံ့ပိုးချေးငွေများကို ဇူလိုင်လမှစ၍ တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ ယနေ့ထိ ငွေကျပ် သိန်း ၃၂၀၀ ကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းစုတွေရဲ့ ကိုယ်ပိုင်ငွေနဲ့ အသင်းပိုင်ငွေတွေ ထုတ်ချေးပေးတာဆိုရင် မြို့နယ် ငါးမြို့နယ်က သမဝါယမအသင်းသားတွေကို ထုတ်ချေးပေးတာပါ။ မိုးစပါးတွေကို အောင်မြင်စွာ စိုက်ပျိုးနိုင်ဖို့အတွက်ပါ။ မိုးစပါးစိုက်ဧက ၁၇၀၀ ကျော်အတွက် ပံ့ပိုးငွေတွေကို ထုတ်ချေးပေးတာပါ။ အတိုးနှုန်းကတော့ တစ်ကျပ်နှုန်းယူပါတယ်။ ပြန်ဆပ်ကာလကတော့ ခြောက်လတစ်ကြိမ် ဖြစ်ပါတယ်"ဟု ဦးလှိုင်မိုးက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးသော မြို့နယ် ငါးမြို့နယ်မှာ ပုသိမ်ကြီးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ညောင်ဦးမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၃၇၃၃၈ ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်၃၇၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ဧက ၃၇၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ငရုတ် ၃၇၃၃၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ငရုတ်ဧက ၃၇၅၀၀ စိုက်ပျိုးဖို့ လျာထားတာ လက်ရှိ ငရုတ် ၃၇၃၃၈ ဧက စိုက်ပျိုးပြီးနေပြီ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ ငရုတ်တစ်မျိုးတည်းကိုပဲ စိုက်ပျိုးတာပါ။ ငရုတ်စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေ တိုးလာတဲ့အပြင် တခြားဒေသက သီးနှံတွေ တင်သွင်းစရာမလိုတော့ပါဘူး။ စိုက်ပျိုးထားတဲ့ ငရုတ်စိုက်ခင်းတွေ ပိုးမွှား အန္တရာယ်ကင်းရှင်းပါတယ်။ ငရုတ်စိုက်ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ငရုတ်စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်မန္တလေးမြို့ ဇေကျမ္မ(၁)နေ ဦးစန်းလွင်မြင့်-ဒေါ်ဆွေမာသက်သက်၊ သား-မောင်ကောင်းခန့်ဖိုး မိသားစုတို့က မိခင် ဒေါ်ခင်မာရှိန်အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်း၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ကျိုက်လတ်မြို့နယ်တွင် တိုင်ထောင်ပဲသီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်းရရှိ



**ကျိုက်လတ် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် တိုင်ထောင်ပဲသီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် ဇွန်လနှင့် ဇူလိုင်လအတွင်းက တိုင်ထောင်ပဲသီး ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ ထိသာ ဈေးရှိခဲ့ပြီး ဩဂုတ်လ ပထမပတ်မှ ယနေ့ထိ တိုင်ထောင်ပဲသီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်း ရရှိလာကြောင်း သိရသည်။

"တိုင်ထောင်ပဲသီး ၁၀ ပိဿာကို ငွေကျပ် ၂၉၅၀၀ ထိ ဈေးကောင်းရရှိနေပါတယ်။ ဒေသဈေးကွက်မှာ ပေါက်ဈေးရှိတဲ့ ဈေးနှုန်းပါ။ ကုန်စိမ်းဈေးကွက်မှာ တိုင်ထောင်ပဲသီး အဝယ်လိုက်နေပါတယ်။ အဲဒီလို အဝယ်လိုက်နေတဲ့အပြင် ဈေးကောင်းလဲရရှိပါတယ်။ အခုလို ဈေးကောင်းရလာတော့ ဒီနှစ် တိုင်ထောင်ပဲသီးစိုက်တောင်သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ ဒေသမှာလဲ ကိုယ့်ဒေသထွက် ကုန်တွေကိုပဲအရောင်းအဝယ်လုပ်ရတော့ အစစအရာရာ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကုန်စိမ်းဈေးမှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ခင်ထွေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် လက်ရှိ တိုင်ထောင်ပဲသီးများ အပါအဝင် ဟင်းသီးဟင်းရွက်များ ပေါ်နေသည့်အချိန်ဖြစ်ကြောင်း၊ အဆိုပါ တိုင်ထောင်ပဲသီးများ ဈေးကောင်းရရှိလာသည့်အတွက် တိုင်ထောင်ပဲသီးစိုက်ပျိုးသူများက တိုးချဲ့စိုက်ပျိုးရန် ပြင်ဆင်နေကြောင်း၊ ကျိုက်လတ်မြို့နယ်တွင် ဒေသထွက်ကုန်များသာ ရောင်းချရသည့်အတွက် သယ်ယူစရိတ် ကုန်ကျမှုသက်သာခြင်း၊ လတ်ဆတ်သည့်သီးနှံများကိုသာ အရောင်းအဝယ်ပြုလုပ်ရခြင်းကြောင့် တိုင်ထောင်ပဲသီးစိုက်ပျိုးသူများ အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မိုးနဲ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု နမ့်မော်ဆွမ့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအာကာဖြိုး၊စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နမ့်မော်ဆွမ့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ခြောက်သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ရှိုးသန်းဉာဏ်**

# တောင်တွင်းကြီးမြို့နယ် အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ န၀မအကြိမ် ထုတ်ချေး

**တောင်တွင်းကြီး ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ အင်ကြင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ န၀မအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက အင်ကြင်းသာကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်ကြင်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၂၅၃၅၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၇၂၅၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကိုငွေကျပ် ၁၆၀၀၀၀၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**



# အာကာသ သယ်ယူပို့ဆောင်ရေးစနစ်

ပါမောက္ခကိုကိုအောင်

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမနီနိုင်ငံသည် ဗုံးကြဲလေယာဉ်ကို ဒုံးပျံအင်ဂျင်တပ်ဆင်ကာ ကမ္ဘာပတ်လမ်းကြောင်းထဲထိတိုင်ပစ်လွှတ်ပြီး အမေရိကန်နိုင်ငံပေါ်သို့ ဗုံးများကြဲချရန် ကြံစည်ခဲ့ကြဖူးသည်။ သို့ရာတွင် နည်းပညာဆိုင်ရာအခက်အခဲများကြောင့် လက်တွေ့၌ လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိပေ။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည့်အခါ စစ်အောင်နိုင်သူဖြစ်သော အမေရိကန်တို့သည် ဒုံးပျံအင်ဂျင်တပ်ဆင်ထားသော အတောင်ပံတပ်ယာဉ်ဖြင့် အာကာသထဲသို့ တက်ရောက်နိုင်ရေး ကြံစည်ခဲ့ကြသည့် ဂျာမနီတို့၏ စီမံကိန်းအချက်အလက်များကို အကြောင်းပြုလျက် အတောင်ပံတပ်အာကာသယာဉ်စီမံကိန်းကို လုပ်ဆောင်ရန် စတင်ကြိုးပမ်းခဲ့ကြသည်။ ၁၉၇၂ ခုနှစ် ဇန်နဝါရီလတွင် အတောင်ပံတပ်အာကာသလွန်းပြန်ယာဉ်ကို တည်ဆောက်ပျံသန်းမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ရစ်ချတ်နစ်ဆင်က ထုတ်ဖော်ကြေညာခဲ့သည်။

ထို့နောက် ငါးနှစ်အကြာ ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် အင်တာပရိုက်စ်ဟုအမည်ပေးထားသော ရှေ့ပြေးစမ်းသပ်လွန်းပြန်ယာဉ်ကို ဘိုးရင်း ၇၄၇ လေယာဉ်ကြီး၏ ကျောပေါ်၌တင်၍ ကမ္ဘာ့လေထုအတွင်းပစ်လွှတ်သည့်စမ်းသပ်မှုများကို စတင်လုပ်ဆောင်နိုင်ခဲ့သည်။ ရှေ့ပြေးစမ်းသပ်လွန်းပြန်ယာဉ် အင်တာပရိုက်စ်ဖြင့် စမ်းသပ်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ၁၉၈၁ ခုနှစ် ဧပြီ ၁၂ ရက်က ကိုလံဘီယာဟု အမည်ပေးထားသော ကမ္ဘာ့ပထမဦးဆုံးလွန်းပြန်ယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ပို့လွှတ်ကာ စတင်ပျံသန်းနိုင်ခဲ့သည်။ ၁၉၈၁ ခုနှစ် ဧပြီ ၁၄ ရက်တွင် ကိုလံဘီယာလွန်းပြန်ယာဉ်သည် ကနေဒီအာကာသစခန်းသို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ကိုလံဘီယာအာကာသလွန်းပြန်ယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းထဲသို့ပို့လွှတ်ကာ အလွတ်သဘောစမ်းသပ်ပျံသန်းမှုများကို လေးကြိမ်တိုင်တိုင် အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးနောက် အမေရိကန်အာကာသသိပ္ပံပညာရှင်တို့သည် အာကာသသုတေသနဆိုင်ရာပျံသန်းမှုများအတွက် အဆိုပါလွန်းပြန်ယာဉ်ကို စတင်အသုံးပြုခဲ့ကြသည်။ ၁၉၈၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် စတင်သော အာကာသသုတေသနဆိုင်ရာပျံသန်းမှုပထမခရီးစဉ်တွင် ကိုလံဘီယာလွန်းပြန်ယာဉ်ပေါ်၌ ဂြိုဟ်တုနှစ်လုံးကိုတင်ဆောင်သွားပြီး ကမ္ဘာပတ်လမ်းကြောင်းထဲအရောက်၌ ပစ်လွှတ်ကာ နေရာချထားနိုင်ခဲ့ကြသည်။

ကိုလံဘီယာအာကာသလွန်းပြန်ယာဉ်ဖြင့် အောင်မြင်မှုများကို ဆက်တိုက်ရရှိခဲ့ကြသော အမေရိကန်တို့သည် ချဲလင်ဂျာ၊ ဒစ္စကာဗာရီ၊ အတ္တလန်တစ်နှင့် အင်ဒဲဗားဟု အသီးသီးအမည်ပေးထားသည့် လွန်းပြန်ယာဉ်လေးစင်းကို ထပ်မံတည်ဆောက်နိုင်ခဲ့ကြသည်။ အာကာသလွန်းပြန်ယာဉ်များ၏ အရွယ်အစားမှာ အလတ်စားခရီးသည်တင် ဂျက်လေယာဉ်ကြီးများ၏ အရွယ်ပမာဏခန့်ရှိပြီး ကမ္ဘာမြေပြင်နှင့်အာကာသကြား ခေါက်တုံ့ခေါက်ပြန် ပစ်လွှတ်မောင်းနှင်အသုံးပြုနိုင်သည့် အတောင်ပံတပ် အာကာသယာဉ်များဖြစ်ကြသည်။

အမေရိကန်နာဆာအဖွဲ့အစည်းက လွန်းပြန်ယာဉ်ကို အာကာသသယ်ယူပို့ဆောင်ရေးစနစ်ဟု ခေါ်ဝေါ်သုံးနှုန်းပြီး ထိုလွန်းပြန်ယာဉ်များ၌တပ်ဆင်ထားသော စက်ကိရိယာများသည် ရောက်ဆဲခေတ်ကာလများ၏ နည်းပညာအရ အမြင့်မားဆုံးဖြစ်ကာ တည်ဆောက်တပ်ဆင်ထားပုံအရလည်း အရှုပ်ထွေးဆုံးသော အာကာသယာဉ်များပင်ဖြစ်ကြသည်။ ထိုလွန်းပြန်ယာဉ်များကို ပစ်လွှတ်နိုင်ရန်အတွက် ယာဉ်တပ်ဆင်ရေးအလုပ်ရုံမှ ဒုံးပစ်စင်ရှိရာ ကနေဒီအာကာသစခန်းသို့ ရွှေ့ပြောင်းသယ်ဆောင်သောလုပ်ငန်းစဉ်က အလွန်အရေးကြီးပြီး သတိကြီးစွာထားကြရသည့်လုပ်ငန်းစဉ်အဆင့်လည်းဖြစ်သည်။



ဦးစွာ အာကာသလွန်းပြန်ယာဉ်ကို လှဲလျက်အနေအထားမှ အာကာသထဲသို့ပစ်လွှတ်ရန် အသင့်အနေအထားဖြစ်အောင် မတ်မတ်ထောင်ကာ သယ်ယူမည့်ယာဉ်ပေါ်သို့ တင်ဆောင်ရသည်။ လွန်းပြန်ယာဉ်ကို သယ်ယူရွှေ့ပြောင်းမည့်ယာဉ်ကြီးသည် အလေးချိန်တန် ၂၆၈၀ ရှိပြီး မြင်းကောင်ရေ ၂၅၅၀ စွမ်းအားရှိသော ဒီဇယ်အင်ဂျင်ကိုတပ်ဆင်ထားသည်။ အဆိုပါယာဉ်ကြီးပေါ်၌ပင် ပစ်လွှတ်မည့်လွန်းပြန်ယာဉ်ကို ပြင်ပလောင်စာကန်နှင့်လည်းကောင်း၊ လောင်စာခဲကိုသုံးစွဲထားသည့် တွန်းကန်အားမြှင့်ဒုံးအင်ဂျင်တို့နှင့် လည်းကောင်း တွဲစပ်ချိတ်ဆက်ပေးရသည်။ ထိုကဲ့သို့ တွဲစပ်ချိတ်ဆက်ပြီးသော လွန်းပြန်ယာဉ်ကိုဒုံးပစ်စင်ရှိရာသို့သယ်ယူရွှေ့ပြောင်းရာ၌ တစ်နာရီလျှင် တစ်မိုင်နှုန်းထက်မပိုသော အလွန်နှေးကွေးသည့်နှုန်းဖြင့်သာ တရွေ့ရွေ့ချင်း သယ်ယူရွှေ့ပြောင်းကြရသည်။ အာကာသလွန်းပြန်ယာဉ်နှင့်ချိတ်ဆက်ထားသော ပင်မဒုံးအင်ဂျင်သုံးလုံးနှင့် တွန်းကန်အားမြှင့် ဒုံးအင်ဂျင်နှစ်လုံးတို့သည် စုစုပေါင်းတွန်းကန်အား ပေါင်ခုနစ်သန်းခန့်ဖြင့် လွန်းပြန်ယာဉ်ကြီးကို အာကာသထဲသို့ရောက်အောင် မောင်းနှင်တွန်းပို့ပေးကြသည်။

တည်ဆောက်မှုကုန်ကျစရိတ် အမေရိကန်ဒေါ်လာသန်းနှစ်ထောင်ရှိသော အာကာသလွန်းပြန်ယာဉ်သည် အရှည် ၁၂၂ ပေရှိပြီး တောင်ပံကန့်လန့်ဖြတ်အလျား ၇၈ ပေရှိသည်။ ယာဉ်မှူးခုနစ်ဦးထိ လိုက်ပါနိုင်သော အခန်းသည် ကုဗပေ ၂၅၀၀ ကျယ်ဝန်းပြီး အထပ်သုံးထပ်ပါရှိသည်။ အပေါ်ဆုံးထပ်တွင် လွန်းပြန်ယာဉ်ကွပ်ကဲရေးမှူးနှင့် ပိုင်းလော့တစ်ဦးတို့လိုက်ပါပြီး ကျန်ယာဉ်မှူးတို့က အလယ်ထပ်တွင် လိုက်ပါရသည်။ ထိုအလယ်ထပ်တွင် စက်ကိရိယာများကိုအပြည့်အစုံတပ်ဆင်ထားပြီး အာကာသယာဉ်မှူးများအတွက် အဝင်၊ အထွက်တံခါးပေါက်ပါရှိကာ အိပ်ခန်းနှင့် သန့်စင်ခန်းများကိုပါ တစ်ပါတည်းဖွဲ့စည်းတည်ဆောက်ထားသည်၊

အာကာသလွန်းပြန်ယာဉ်ဖြင့် ကမ္ဘာ့အပြင်ဘက်သို့ မောင်းနှင်ထွက်ခွာပြီး အာကာသထဲသို့အရောက်တွင် ယာဉ်မှူးများအနေဖြင့် လွန်းပြန်ယာဉ်အတွင်းမှ အာကာသထဲသို့ထွက်ခွာရန်နှင့် ကုန်တင်အခန်းသို့ ကူးသန်းရာ၌အသုံးပြုသော ကြားခံလေလုံခန်းတစ်ခန်းကိုလည်း လွန်းပြန်ယာဉ်ထဲ၌တည်ဆောက်ထားသည်။ ယာဉ်မှူးများသည် အာကာသထဲသို့ထွက်၍ လုပ်ငန်းဆောင်တာများလုပ်ဆောင်နိုင်ရန် ကြားခံလေလုံခန်းကိုဖြတ်သန်းပြီးမှသာ ထွက်ခွာကြရသည်။ အာကာသလွန်းပြန်ယာဉ်အတွင်း ထည့်သွင်းပေးထားသည့် လေဖိအားလျော့ပါးဆုံးရှုံးခြင်းမရှိစေရန်အတွက် ကြားခံလေလုံခန်းကို အသုံးပြုကြရသည်။

အာကာသလွန်းပြန်ယာဉ်အတွင်း၌ ထည့်သွင်းပေးထားသောလေဖိအားသည် ကမ္ဘာ့မြေပြင်ပေါ်မှ လေဖိအားအတိုင်း တစ်စတုရန်းလက်မပေါ်၌ ၁၄ ဒသမ ၇ ပေါင်ရှိသည်။ သို့ရာတွင် အာကာသ၏ ဆွဲအားမဲ့အခြေအနေကြောင့် ယာဉ်မှူးများသည် အာကာသလွန်းပြန်ယာဉ်အတွင်း၌ ပေါလောမျောအနေအထားဖြင့် ရွေ့လျားနေကြရသည်။ အာကာသဟင်းလင်းပြင်ကမူ လေဖိအားကင်းမဲ့ရုံမျှမက ဖြပ်ဆွဲအားမဲ့သောနေရာလည်းဖြစ်သည့်အတွက် ယာဉ်မှူးများအနေဖြင့် အာကာသထဲသို့မထွက်မီ အာကာသဝတ်စုံကို စနစ်တကျ ဝတ်ဆင်ကြရသည်။ အာကာသဝတ်စုံမပါဘဲ အာကာသဟင်းလင်းပြင်သို့ ထွက်မည်ဆိုပါက ခန္ဓာကိုယ်ဖောင်းကားလာပြီး တစ်ခဏအတွင်းမှာပင်ပေါက်ကွဲလွင့်စဉ်ကာ အသက်ဆုံးရှုံးလိမ့်မည်ဖြစ်သည်။

အာကာသဝတ်စုံသည်ပင်လျှင် လေဖိအားကိုထည့်သွင်းပေးထားသည်ဆိုသည့်တိုင် အာကာသဝတ်စုံထဲရှိ လေဖိအားမှာ တစ်စတုရန်းလက်မပေါ်၌ ၄ ဒသမ ၃ ပေါင်ပမာဏမျှသာရှိသည့်အတွက် အာကာသဝတ်စုံကို ရုတ်တရက်ဝတ်ဆင်လိုက်မည်ဆိုလျှင် လေဖိအား ရုတ်ချည်းကျဆင်းသွားမှုကြောင့် ပြင်းထန်စွာနာကျင်သည့်ဝေဒနာကို ခံစားရလိမ့်မည်ဖြစ်ပြီး အခန့်မသင့်လျှင် အသက်ဆုံးရှုံးသွားနိုင်သည်။

လွန်းပြန်ယာဉ်အတွင်းမှ အာကာသထဲသို့ထွက်ခွာမည့် ယာဉ်မှူးများသည် ယာဉ်ပေါ်ရှိ လေ့ကျင့်ရေးစက်ဘီးကိုနင်းပြီး သန့်စင်ထားသည့် အောက်ဆီဂျင်ဓာတ်ငွေ့စစ်စစ်ကို ရှူရှိုက်ကြရသည်။ ထို့နောက် ကြားခံ လေလုံခန်းထဲသို့ဝင်ရောက်ကာ လေဖိအားကို တဖြည်းဖြည်းချင်းလျှော့ချပေးရသည်။ ဖိအားလျော့ကျသွားသည့်အခါ အာကာသဝတ်စုံကိုဝတ်ဆင်ပြီး အောက်ဆီဂျင်ဓာတ်ငွေ့စစ်စစ်ကို နောက်ထပ်တစ်နာရီတိတိ ရှူရှိုက်ကြရသည်။ ပြီးလျှင် လေလုံခန်း၏ တစ်ဖက်ခြမ်းရှိ လူနေခန်းထဲသို့ဝင်ရောက်ကာ လူနေခန်းနှင့် အာကာသဝတ်စုံထားရှိသော အခန်းကြားရှိ တံခါးကို လုံခြုံအောင် ဦးစွာပိတ်ရသည်။ လုံခြုံစိတ်ချရပြီဆိုမှသာ လူနေခန်း၏ အခြားတစ်ဖက်ရှိတံခါးကို ဖွင့်ကာ အာကာသထဲသို့ထွက်ခွာကြရသည်။

လွန်းပြန်ယာဉ်ရှိ အာကာသယာဉ်မှူးများအခန်း၏နောက်ဘက်၊ လွန်းပြန်ယာဉ်၏ ကျောပေါ်တွင်ရှိသော ကုန်တင်အခန်းသည် အလျားပေ ၆၀ ရှိပြီး ၁၅ ပေ ကျယ်ဝန်းသည်။ ထိုအခန်းထဲ၌ အာကာသသုတေသနဆိုင်ရာစမ်းသပ်ကိရိယာများ၊ ဂြိုဟ်တုများ၊ ပြင်ဆင်ရေးစက်ကိရိယာများ၊ နိုင်ငံတကာအာကာသစခန်းယာဉ်တည်ဆောက်ရေးနှင့် ပြင်ဆင်မွမ်းမံရေးလုပ်ငန်းသုံးစက်ပစ္စည်းများကို တင်ဆောင်ထားသည်။

လွန်းပြန်ယာဉ်များသည် ကမ္ဘာ့မြေပြင်အထက် မိုင် ၁၅၀ မှ မိုင် ၇၅၀ အတွင်းရှိကမ္ဘာပတ်လမ်းကြောင်းအတွင်း၌ ၁၇ရက် ကြာမြင့်သည်ထိ ပျံသန်းနိုင်စွမ်းရှိကြသည်။ အာကာသအတွင်းသို့ ကုန်စည်ပို့ဆောင်ရေးနှင့် အာကာသအတွင်း၌ ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများကို လုပ်ဆောင်ပြီးစီးသည့်အခါ ကမ္ဘာ့မြေပြင်ပေါ်သို့ ပြန်လည်ဆင်းသက်ရန်ပြင်ဆင်ကြရသည်။ လွန်းပြန်ယာဉ် ပြန်လည်ဆင်းသက်မှုလုပ်ငန်းစဉ်၏ အစကို အိန္ဒိယသမုဒ္ဒရာ အပေါ်တည့်တည့်သို့ရောက်ရှိချိန်၌ စတင်လုပ်ဆောင်ကြရသည်။

ထိုအချိန်တွင် လွန်းပြန်ယာဉ်သည် အိန္ဒိယသမုဒ္ဒရာ၏အပေါ် ၇၅ မိုင်အမြင့်၌ တစ်စက္ကန့်လျှင် ၄ ဒသမ ၇၅ မိုင်နှုန်းဖြင့် ရွေ့လျားနေပြီး ကမ္ဘာ့မြေပြင်ကိုကျောပေးကာ ပျံသန်းလျက်ရှိနေသည်။ ထိုအနေအထားကို ပြောင်းပြန်လှန်၍ ကမ္ဘာ့မြေပြင်ဘက်သို့ မှောက်ခုံအနေအထားဖြစ်အောင် တစ်ပတ်လှည့်ကာ မြေပြင်သို့ဆင်းရန် စတင်ပြင်ဆင်ရသည်။ ထိုအချိန်တွင် လွန်းပြန်ယာဉ်၏ ပျံသန်းနေသောအရှိန်နှင့် ကမ္ဘာ့မြေပြင်မှအမြင့်ကို လျှော့ချနိုင်ရန် ယာဉ်ကို ရှေ့နောက်ပြောင်းပြန်လှည့်ပေးခြင်းအားဖြင့် အမြီးပိုင်းက ရှေ့၌ရှိကာ ဦးပိုင်းက နောက်ဘက်သို့ရောက်ရှိသွားသည်။

ဤသို့အားဖြင့် အာကာသထဲမှ ကမ္ဘာ့လေထုထဲသို့ ပြန်လည်ဝင်ရောက်နိုင်ရန် စတင်ပြင်ဆင်ချိန်မှစ၍ ၂၅ မိနစ်အကြာတွင် လေထုအတွင်းသို့ စတင်ချဉ်းနင်းဝင်ရောက်လာသည်။ ကမ္ဘာ့လေထုအတွင်းသို့ စတင်ရောက်ရှိသည်နှင့် လွန်းပြန်ယာဉ်၏ဦးပိုင်းကို ရှေ့သို့ပြန်လှည့်ကာ ရေပြင်ညီမှ ၄၀ ဒီဂရီဦးမော့နေသည့် အနေအထားဖြင့် မြေပြင်ပေါ်သို့ ဆင်းသက်သည်။

လေယာဉ်ပြေးလမ်းပေါ်သို့ လွန်းပြန်ယာဉ်ကြီး ချဉ်းကပ်ဆင်းသက်ရာလမ်းကြောင်းသည် ခရီးသည်တင်လေယာဉ်များ ချဉ်းကပ်ဆင်းသက်ရာလမ်းကြောင်းထက် ခြောက်ဆပို၍ မတ်စောက်ပြီး ခရီးသည်တင်လေယာဉ်များကဲ့သို့ အင်ဂျင်နှိုးလျက်ဖြင့် ဆင်းသက်ခြင်းမဟုတ်ဘဲ စက်မဲ့လေယာဉ်ဆင်းသက်ကဲ့သို့ ကမ္ဘာ့မြေဆွဲအားကိုယူ၍ လေဟုန်စီးကာ ဆင်းသက်လာခြင်းသာဖြစ်သည်။ လွန်းပြန်ယာဉ်ကြီးဆင်းသက်လာသည့် အမြန်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၇၀၀၀ ခန့်ရှိပြီး ထိုမျှသော အမြန်နှုန်းဖြင့် လေထုအတွင်းသို့ဝင်ရောက်ဆင်းသက်ရာတွင် လေထုကြီး၏ ပွတ်တိုက်မှုကြောင့် လွန်းပြန်ယာဉ်၏အပူချိန်သည် ၃၀၀၀ ဒီဂရီဖာရင်ဟိုက်ထိ မြင့်တက်လာသည်။

ဤမျှပြင်းထန်လွန်းသောအပူချိန်သည် လွန်းပြန်ယာဉ်တစ်စီးလုံးကို လွယ်လင့်တကူ မီးလောင်ပျက်စီးသွားစေနိုင်သော်လည်း အရည်အသွေးအလွန်မြင့်မားသောဘီလီကာဖြင့် ပြုလုပ်ထားသည့် အပူကာပြား ၂၄၀၀၀ ခန့်ကို တပ်ဆင်ထားသည့် လွန်းပြန်ယာဉ်ကြီးများသည် ဘေးမသီရန်မခဘဲ အာကာသစခန်းရှိ အထူးလေယာဉ်ပြေးလမ်းပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ကြသည်။

အမေရိကန်တို့၏ အာကာသလွန်းပြန်ယာဉ် ငါးစင်းအနက် ချဲလင်ဂျာလွန်းပြန်ယာဉ်မှလွဲ၍ ကျန်လွန်းပြန်ယာဉ်များအားလုံးသည် ကမ္ဘာ့မြေပြင်နှင့် အာကာသကြား ပျံသန်းမှုအကြိမ်ကြိမ်ပြုလုပ်ကာ အာကာသသုတေသနလုပ်ငန်းများနှင့် အာကာသစီမံကိန်းဆိုင်ရာလုပ်ငန်းများကို အဓိကအခန်းကဏ္ဍမှနေ၍ အထောက်အကူများစွာပြုပေးနိုင်ခဲ့ကြသည်။

၁၉၈၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က ပစ်လွှတ်ခဲ့သော ချဲလင်ဂျာလွန်းပြန်ယာဉ်သည် စတင်ပစ်လွှတ်ပြီးနောက် တစ်မိနစ်နှင့် ၁၃ စက္ကန့်အကြာတွင် ပေါက်ကွဲပျက်စီးသွားပြီး လိုက်ပါသွားသည့်ယာဉ်မှူးခုနစ်ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြရသည်။ တွန်းကန်အားမြှင့်ဒုံးအင်ဂျင်၏အဆက်နေရာကို ပိတ်ဆို့ထားသော ရော်ဘာကွင်းပျက်စီးသွားမှုကြောင့် အင်ဂျင်အတွင်းမှ လောင်စာဓာတ်ငွေ့နှင့် မီးတောက်များစိမ့်ထွက်လာကာ ပြင်ပလောင်စာကန်ကို မီးဟပ်ရာမှ တစ်ဆင့် လောင်စာကန်ကြီး ပေါက်ကွဲပျက်စီးကာ လွန်းပြန်ယာဉ်တစ်စင်းလုံး မီးလောင်ပျက်စီးခဲ့ရခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၌ နှစ်ပေါင်း ၃၀ ကျော်ကြာ ပျံသန်းပြေးဆွဲပြီး အာကာသစီမံကိန်းလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော အာကာသလွန်းပြန်ယာဉ်ကြီးများကို အများသူငါတို့ လေ့လာကြည့်ရှုနိုင်ကြစေရန်အတွက် ပြတိုက်များအတွင်း၌ စနစ်တကျစီစဉ်ပြသထားလျက်ရှိနေကြပြီဖြစ်ပေသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

## စိတ်ဓာတ်ခိုင်ခိုင် လှမ်းစို့ပန်းတိုင်

- လူမှန်ရင် ရည်မှန်းချက်
ထားရှိလျက် ကြိုးစားမည်၊
ဘဝတွင် လျှောက်သောလမ်း
ခက်ခဲကြမ်းသည်၊
ရည်ရွယ်ချက် ဦးတည်
အားမာန်ချီ မြားပမာအလား၊
စိတ်ဓာတ်ခိုင် ပန်းတိုင်အရောက်
လျှောက်ပေါ့လူသား။

- ဘဝမှာ အရှုံးများ
စိတ်ဓာတ်အား မြှင့်ကာထူ၊
လဲကျလျှင် ပြန်ထပေး
အားသစ်မွေးမြူ၊
ဖွဲလုံ့လ အဖော်ကူ
အောင်နိုင်သူ ဖြစ်ဖို့တွေး၊
ရည်ရွယ်ရာ ခရီးလမ်း
လျှောက်လှမ်းကာပေး။

- မိမိကိုယ် အရည်အသွေး
မြှင့်တင်ပေးဖို့ စာပေတွေ၊
အားလပ်ချိန် အမြဲမပြတ်
ဖတ်မှတ်ပါလေ၊
ပျင်းရိစိတ် ရှောင်ကြဉ်နေ
စေစားပါ စိတ်ခွန်အား၊
ရည်ရွယ်ရာ ဆန္ဒတစ်ခုနဲ့
ရှေးရှုကြိုးစား။ ။

ချစ်သက်(မြန်မာစာ)

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၄၇၃၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စိုက်ပျိုးခဲ့သည့်နှံစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ဓနိကိုင်း ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၄၇၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှံစားပြောင်းနှင့် အစေ့ထုတ်ပြောင်း ၉၆၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၇၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီနှစ် မြောင်မြို့နယ်မှာ နှံစားပြောင်းနဲ့ အစေ့ထုတ်ပြောင်း ဧက ၉၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ အခုဧက ၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်း အောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှား ရောဂါကျရောက်မှုမရှိအောင်အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်”ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပြောင်းသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် နှံစားပြောင်း ၂၅၇၃ ဧက၊ အစေ့ထုတ်ပြောင်း ၂၁၅၈ ဧက စုစုပေါင်း ၄၇၃၁ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့်နှံစားပြောင်း ၇၄၄၃ ဧက၊ အစေ့ထုတ်ပြောင်း ဧက ၂၁၆၀ စုစုပေါင်း ၉၆၀၃ ဧကဖြစ်ကြောင်း သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် ပြောင်းသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ဇရှက်ပိုးသတ်ဆေး အသုံးပြုရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြောင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၂၁၄ ဧက၊ ဖူးစားပြောင်း ၇၁၅ ဧက စုစုပေါင်း ၇၉၂၉ ဧက စိုက်ပျိုးရန်လျာထားကြောင်း သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**သဲကုန်း ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကြို့ပင်သာကျေးရွာအုပ်စု ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အဆိုပါကျေးရွာ၌ Green House တည်ဆောက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ရွာသာလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၆၅ သန်းဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများနှင့် Green House တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသာလှကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၂ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၄၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် သုည ဒသမ ၇ သန်း စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို ငွေကျပ် ၄၃ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း၊ ယခုနှစ် စက်တင်ဘာလဒုတိယပတ်တွင် Green House နည်းစနစ်ဖြင့် မုန်လာဥစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

သန္တာ

# ကံမမြို့နယ် ကဒူးပြင်အနောက်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းဆောင်ရွက်နေမှု စစ်ဆေး

**ကံမ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒူးပြင်အနောက်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းကျော်ကျော်မျိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကဒူးပြင်အနောက်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းမြေနီခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေးတို့အတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ကံမမြို့နယ် ကဒူးပြင်အနောက်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၄၅ သန်းဖြင့် အရှည် တစ်မိုင် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီခင်းခြင်းလုပ်ငန်းကို စေတုတ္တရာချင်းတိုင်းရင်းသားများဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် ဧပြီ ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၆၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ဒေသထွက် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

ကိုညီ

# နိုင်ငံတကာ သတင်းများ

## ဂျီ-၂၀ အုပ်စု၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်ရန် အာဖရိကသမဂ္ဂကို အိန္ဒိယဝန်ကြီးချုပ်မိုဒီ အဆိုပြုကမ်းလှမ်းထား




**ဒေလီ ဩဂုတ် ၂၈**

ယခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသည် အာဖရိကသမဂ္ဂကို ဂျီ-၂၀ အုပ်စု၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အဆိုပြုထားကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဩဂုတ် ၂၇ ရက်တွင် ပြောကြားခဲ့သည်။

နယူးဒေလီမြို့၌ ကျင်းပသည့် ဂျီ-၂၀ အုပ်စု စီးပွားရေးထိပ်သီးညီလာခံတစ်ခု၌ အိန္ဒိယဝန်ကြီးချုပ်က အဆိုပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဂျီ-၂၀ အုပ်စု၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် ပါဝင်ရေးအတွက် အာဖရိကသမဂ္ဂကို မိမိတို့အဆိုပြုကမ်းလှမ်းထားသည်ဟု အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌအဖြစ် အိန္ဒိယနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာများကို အဓိကထားဖြေရှင်းရေးအတွက် ကြိုးစားမည် ဖြစ်ကြောင်းလည်း အိန္ဒိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂျီ-၂၀ အလှည့်ကျဥက္ကဋ္ဌနိုင်ငံဖြစ်သည့် အိန္ဒိယသည် ယူကရိန်းပြဿနာနှင့်ပတ်သက်၍ ဂျီ-၂၀ အဖွဲ့ဝင်နိုင်ငံများကြား အမြင်ကွဲပြားနေမှုကို ညှိနှိုင်းစေ့စပ်ပေးရန် ရှုန်းကန်နေရဆဲဖြစ်သည်။

ယခုနှစ်၏ ဂျီ-၂၀ ထိပ်သီးညီလာခံကို နယူးဒေလီမြို့၌ ကျင်းပရန် အိန္ဒိယနိုင်ငံက စီစဉ်ထားရာ တရုတ်သမ္မတနှင့်အမေရိကန်သမ္မတ အပါအဝင် ဂျီ-၂၀ ခေါင်းဆောင်အများစု တက်ရောက်ကြဖွယ်ရှိကြောင်း သိရသည်။

KKO

## ဂျေရုဆလင်မြို့၌ သံရုံးဖွင့်လှစ်ရန် ပါပူဝါးနယူးဂီနီနိုင်ငံ စီစဉ်ထား

**ဂျေရုဆလင် ဩဂုတ် ၂၈**

ပါပူဝါးနယူးဂီနီ နိုင်ငံသည် လာမည့် ရက်သတ္တပတ်အတွင်း အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့၌ သံရုံးဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစ္စရေးနိုင်ငံဆိုင်ရာ ပါပူဝါးနယူးဂီနီသံရုံးကို ပါပူဝါးနယူးဂီနီဝန်ကြီးချုပ် ဂျိမ်းစ်မာရာပီ၏ အစ္စရေးခရီးစဉ်အတွင်း ဂျေရုဆလင်မြို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ပါပူဝါးနယူးဂီနီ ဝန်ကြီးချုပ်သည် လာမည့်ရက်သတ္တပတ်အတွင်း အစ္စရေးသို့ လာရောက်မည်ဖြစ်ပြီး စက်တင်ဘာ ၅ ရက်တွင် ဂျေရုဆလင်မြို့၌ ပါပူဝါးနယူးဂီနီသံရုံးကို ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း အစ္စရေးပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကမ္ဘာ့နိုင်ငံ အများစုသည် ၎င်းတို့၏သံရုံးများကို အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့တွင် အခြေစိုက်ထားပြီး အမေရိကန်၊ ကိုဆိုဗို၊ ဂွါတီမာလာနှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့ကသာ လက်ရှိအချိန်တွင် ဂျေရုဆလင်၌ သံရုံးများဖွင့်လှစ်ထားသည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်းစစ်ပွဲတွင် အရှေ့ဂျေရုဆလင်ကို သိမ်းပိုက်ခဲ့ပြီး ဂျေရုဆလင်မြို့တစ်ခုလုံးကို အစ္စရေးနှင့်ခွဲထုတ်၍ မရနိုင်သည့် မြို့တော်အဖြစ် ကြေညာထားသည်။

သို့သော် ဂျေရုဆလင်မြို့တစ်ခုလုံးအား အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ထားမှုကို နိုင်ငံတကာက အသိအမှတ်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

အရှေ့ဂျေရုဆလင်ကို ပါလက်စတိုင်းလူမျိုးက အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်၏မြို့တော်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

KKO

## မာဒါဂါစကားအားကစားကွင်း၌ လူပြိုမှုဖြစ်ပွား၊ အနည်းဆုံး ၁၂ ဦးသေဆုံး

**အန်တာနာနာရီဗို ဩဂုတ် ၂၈**

အိန္ဒိယသမုဒ္ဒရာဒေသ မာဒါဂါစကားကျွန်းနိုင်ငံရှိ အားကစားရုံတစ်ရုံ၌ လူပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၂ ဦးသေဆုံး၍ ၈၅ ဦးဒဏ်ရာများရရှိခဲ့ကြောင်း အေပီသတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၂၆ ရက်တွင်ကျင်းပသည့် မာဒါဂါစကားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် လူပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အန်တာနာနာရီဗိုမြို့တော် မဟာမာဆီနာ အားကစားကွင်း၌ဖြစ်ပွားခဲ့သည့် လူပြိုမှုအတွင်း ဒဏ်ရာရခဲ့သူများအနက် ၁၁ ဦးမှာအခြေအနေ စိုးရိမ်ရကြောင်း မာဒါဂါစကား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လူပြိုမှုဖြစ်ပွားခဲ့ရသော်လည်း မာဒါဂါစကား အားကစားပွဲတော်ဖွင့်ပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပရိသတ် ဦးရေ ၄၁၀၀၀ ထိ ဆံ့သည့် မဟာမာဆီနာ အားကစားကွင်း၌ ရှေ့ယခင်ကလည်း လူပြိုမှုများဖြစ်ပွားခဲ့ဖူးသည်။

၂၀၁၈ ခုနှစ်အတွင်း အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲအတွက် ခြေစစ်ပွဲတစ်ပွဲမကျင်းပမီ မဟာမာဆီနာအားကစားရုံ၌ လူပြိုမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံး၍ ၃၇ ဦး ဒဏ်ရာများရခဲ့ဖူးကြောင်း သိရသည်။

KKO




## အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို ဂျကာတာမြို့၏ပထမဆုံးမိုးပျံရထားလမ်း ဖွင့်လှစ်

**ဂျကာတာ ဩဂုတ် ၂၈**

ဂျကာတာမြို့၏ ပထမဆုံးမိုးပျံရထားလမ်းကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ယနေ့တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃ ဘီလီယံအကုန်အကျခံ တည်ဆောက်ထားသည့် အဆိုပါမိုးပျံရထားလမ်းသည် ဂျကာတာမြို့၏ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာနှင့် လေထုညစ်ညမ်းမှု ပြဿနာကို လျှော့ချပေးနိုင်မည် ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။




အရှည် ၄၁ ဒသမ ၂ ကီလိုမီတာ(၂၅ ဒသမ ၆ မိုင်)ရှိသည့် အဆိုပါမိုးပျံ ရထားလမ်းသည် ဂျကာတာမြို့လယ်နှင့် အနောက်ဂျာဗားမြို့များကို ချိတ်ဆက်ပေးထားသည်။

အဆိုပါ မိုးပျံရထားလမ်းတွင် ရထားမောင်းသူပါဝင်ခြင်းမရှိသည့် အယ်လ်အာရ်တီ ရထားစနစ်ကို ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

ဂျကာတာမြို့ဧရိယာအတွင်းရှိ ပြည်သူများသည် သွားလာရေးအတွက် အရှည် မိုင် ၂၆၀ ရှိသော မြို့ပတ်ရထားလမ်းစနစ်ကို အဓိကအားပြုနေရသည်။

အဆိုပါ မြို့ပတ်ရထားလမ်းစနစ်သည် တစ်ရက်လျှင် ခရီးသည်ပေါင်း ၁ ဒသမ ၂ သန်းထိကို သယ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

KKO

## တရုတ်စစ်ဘက်မောင်းသူမဲ့လေယာဉ်တစ်စင်းကိုစောင့်ကြည့်ရန် တိုက်လေယာဉ်တစ်စင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန စေလွှတ်

**တိုကျို ဩဂုတ် ၂၈**

ဂျပန်နိုင်ငံ အနောက်ဘက် ယူနာဂူနီကျွန်းနှင့် တရုတ်(တိုင်ပေ) ကျွန်းတို့ကြား ပျံသန်းနေသည့် တရုတ်စစ်ဘက် မောင်းသူမဲ့လေယာဉ်တစ်စင်းကို စောင့်ကြည့်ရေးအတွက် ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် တိုက်လေယာဉ်တစ်စင်း စေလွှတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဘီဇက်ကေ-၅၀၀ အမျိုးအစား အဆိုပါတရုတ်စစ်ဘက်မောင်းသူမဲ့လေယာဉ်ကို ယနေ့နံနက်ပိုင်းတွင် ထောက်လှမ်း တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကြေညာချက်၌ဖော်ပြထားသည်။

ဘီဇက်ကေ-၅၀၀ တရုတ်စစ်ဘက်မောင်းသူမဲ့လေယာဉ်သည် တရုတ်(တိုင်ပေ)ကျွန်းမြောက်ပိုင်း အရှေ့တရုတ် ပင်လယ်ဘက်မှ တစ်ဆင့် တရုတ်(တိုင်ပေ)နှင့် ဖိလစ်ပိုင်တို့ကို ပိုင်းခြားပေးထားသည့် ဘာရှီရေလက်ကြားဝေဟင်အတွင်း ဝင်ရောက်ခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

ဩဂုတ်၂၅ရက်ကလည်း ဂျပန်လေတပ်သည် အိုကီနာဝါကျွန်းအနီးပျံသန်းနေသည့် တရုတ်ဗုံးကြဲလေယာဉ်များကို စောင့်ကြည့်ရန် တိုက်လေယာဉ်များ အရေးပေါ် စေလွှတ်ခဲ့ရသည်။

အိုကီနာဝါကျွန်းသည် အမေရိကန်နိုင်ငံ၏အဓိကအာရှ-ပစိဖိတ် စစ်စခန်းများအနက် တစ်ခုတည်ရှိရာနေရာဖြစ်သည်။

ဘီဇက်ကေ- ၅၀၀ မောင်းသူမဲ့လေယာဉ်များသည် တာဝေးပျံကင်းထောက်လုပ်ငန်းများနှင့် တိုက်ခိုက်ရေးလုပ်ငန်းများအတွက်အသုံးပြုနိုင်သည့် မောင်းသူမဲ့လေယာဉ်အမျိုးအစားဖြစ်ကြောင်းသိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဂျပန်အမျိုးသားအာကာသအေဂျင်စီက SLIM လဆင်းယာဉ် လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထား



**တိုကျို ဩဂုတ် ၂၈**

ဂျပန်အမျိုးသားအာကာသအေဂျင်စီသည် SLIM အမည်ရှိ လဆင်းယာဉ်လွှတ်တင်ရေးအစီအစဉ်ကို ရာသီဥတုအခြေအနေကြောင့် ဆိုင်းငံ့ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျပန်နိုင်ငံသည် မူလက SLIM လဆင်းယာဉ်ကို ဩဂုတ် ၂၇ ရက်တွင် အိတ်ချ်-၂ အေ ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားသည်။

သို့ရာတွင် ပစ်လွှတ်မည့်နယ်မြေ၏ အထက်လေထုလွှာ ရာသီဥတုအခြေအနေ ဆိုးရွားနေမှုကြောင့် မလွှတ်တင်မီ မိနစ် ၃၀ ခန့်အလိုတွင် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ခဲ့ရကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

SLIM လဆင်းယာဉ်ကိုလွှတ်တင်ရေးအတွက် အစောဆုံးဩဂုတ် ၃၁ ရက်နှင့် နောက်အကျဆုံး စက်တင်ဘာ ၁၅ ရက်ကြားတွင် ထပ်မံကြိုးပမ်းမည်ဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

SLIM လဆင်းယာဉ်သည် ဂျပန်အာကာသအေဂျင်စီ၏ ပထမဆုံး အမျိုးသားလဆင်းယာဉ်ဖြစ်ပြီး လဆီသို့ရောက်ရှိချိန်တွင် လမျက်နှာပြင်ဆင်းသက်မှုနည်းပညာများကို စမ်းသပ်မည်ဖြစ်သည်။

ဂျပန်အာကာသ အေဂျင်စီသည် ၂၀၀၁ ခုနှစ်မှစ၍ အိတ်ချ်-၂ အေ ဒုံးပျံဖြင့် အာကာသမစ်ရှင်ပေါင်း ၄၆ ခုကို အောင်မြင်စွာလွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO


## တရုတ်အာကာသအေဂျင်စီ၏ L-SAR 401 ဂြိုဟ်တုက နောက်ဆုံးနေရာယူမည့်ပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်

**ပေကျင်း ဩဂုတ် ၂၈**

တရုတ်အာကာသအေဂျင်စီ၏ L-SAR 401 ဂြိုဟ်တုသည် ၎င်းနောက်ဆုံးနေရာယူမည့် ပတ်လမ်းအတွင်းသို့ ဝင်ရောက်သွားပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

L-SAR 401 ဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် အမြင့်မိုင် ၂၂၀၀၀ ကျော်တွင်ရှိသော ကမ္ဘာဂြိုဟ်ဗဟိုပြု ပတ်လမ်းပေါ်၌ နေရာယူမည့် ကမ္ဘာ့ပထမဆုံး ရေဒီယိုလှိုင်းရေဒါ ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။

Synthetic Apertus Rader (SAR) ဂြိုဟ်တုများသည် သာမန်အားဖြင့် ကမ္ဘာမြေပြင်အထက် အမြင့်ကီလိုမီတာ ၁၀၀၀ ဝန်းကျင်တွင်ရှိသော အနိမ့်ပိုင်းပတ်လမ်းများပေါ်တွင်သာ နေရာယူလေ့ရှိကြောင်း သိရသည်။



SAR ဂြိုဟ်တုများသည် ညပိုင်းကာလများ၌ ဓာတ်ပုံရိုက်ကူးနိုင်ပြီး တိမ်တိုက်နှင့်မီးခိုးများကိုလည်း ဖောက်ထွင်းစူးစမ်းနိုင်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် L-SAR 401 ဂြိုဟ်တုကို ဩဂုတ် ၁၃ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် ကမ္ဘာဂြိုဟ်ဗဟိုပြုပတ်လမ်းပေါ်သို့ တက်ရောက်ရန် L-SAR 401 ဂြိုဟ်တုသည် ပတ်လမ်းနေရာ ထိန်းညှိပြောင်းလဲမှုလေးကြိမ် ပြုလုပ်ခဲ့ရကြောင်း သိရသည်။

KKO

## Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၂၈**

Space-X အာကာသနည်းပညာကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတကာအာကာသစခန်းယာဉ်နှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ရေးသားတင်ပြထားသည်။

နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့်ချိတ်ဆက်ခဲ့ပြီး တစ်နာရီခန့်အကြာတွင် Crew Dragon အာကာသယာဉ်ဖြင့် လိုက်ပါသွားသော နိုင်ငံတကာ အာကာသယာဉ်မှူး လေးဦးတို့သည် နိုင်ငံတကာအာကာသစခန်းအတွင်းသို့ အောင်မြင်စွာ ဝင်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

Crew Dragon အာကာသယာဉ်နှင့် နိုင်ငံတကာအာကာသစခန်းယာဉ်တို့သည် ဩစတြေးလျနိုင်ငံအထက် အမြင့် ၂၆၁ အကွာရှိ ပတ်လမ်းနေရာတွင် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၊ ဥရောပအာကာသအေဂျင်စီ၊ ရုရှားအာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့မှအာကာသယာဉ်မှူးများလိုက်ပါသွားသည့် အဆိုပါ အာကာသလူသယ်ယာဉ်ကို ဩဂုတ် ၂၇ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာအာကာသယာဉ်မှူးလေးဦးတို့သည် နိုင်ငံတကာ အာကာသစခန်းပေါ်၌ ခြောက်လကြာ တာဝန်များထမ်းဆောင်မည်ဖြစ်သည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီးနောက် နိုင်ငံတကာ အာကာသစခန်းယာဉ်နှင့် ချိတ်ဆက်နိုင်ရေးအတွက် ၂၄ နာရီကြာပျံသန်းခဲ့ရကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်ကာကွယ်ဆေး အကြိမ်ကြိမ်ထိုးနှံထားခြင်းက ကင်ဆာလူနာများ ကျန်းမာရေးအရအကျိုးရှိ

**နယူးယောက် ဩဂုတ် ၂၈**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ကြိမ် အားဖြည့်ထိုးနှံထားခြင်းသည် ကင်ဆာရောဂါလူနာများအတွက် ကျန်းမာရေးအရ အကျိုးရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ကုထုံးများကြောင့် ခုခံအားစနစ်အားနည်းနေသော ကင်ဆာလူနာများသည် ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာခံစားရနိုင်ခြေ မြင့်မားနေတတ်သူများဖြစ်ကြသည်။

သို့ရာတွင် ကင်ဆာရောဂါလူနာများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အကြိမ်ကြိမ်အားဖြည့်ထိုးနှံမှု၏ အကျိုးကျေးဇူးကို ကင်ဆာရောဂါမရှိသူများနှင့်ထပ်တူခံစားရယူနိုင်ကြောင်း အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ အားဖြည့်ထိုးနှံမှုမရှိသည့် ကင်ဆာလူနာ သုံးဦးလျှင်တစ်ဦးမှာ နှစ်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ခြောက်လတစ်ကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အားဖြည့်ထိုးနှံထားသူ ကင်ဆာလူနာများအစုတွင်မူ လူနာဦးရေ ၂၀ လျှင် တစ်ဦးနှုန်းသာ နှစ်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတတ်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထက်ပါလေ့လာတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ကြိမ်ထိုးနှံမှု၏ အကျိုးကျေးဇူးကို ကင်ဆာလူနာအများစုရယူခံစားနိုင်သည်ကို တွေ့နိုင်သည်ဟု သုတေသနပညာရှင်များကသုံးသပ်ထားကြောင်း သိရသည်။ KKO

## အသက် ၄၀ နှင့် ၅၀ ကြား ကိုယ်အလေးချိန်တိုးပါက နှလုံးပြဿနာကြောင့် သေဆုံးနိုင်ခြေမြင့်တက်လာနိုင်

**စေတော့ဟုမ်း ဩဂုတ် ၂၈**

အသက် ၄၀ နှင့် ၅၀ ကြားတွင် ကိုယ်အလေးချိန် တိုးလာခဲ့ပါက နှလုံးပြဿနာကြောင့် သေဆုံးချိန်မတန်ဘဲ သေနိုင်ခြေ ပုံမှန်ထက် ၃၀ ရာခိုင်နှုန်းကျော် မြင့်တက်လာနိုင်ကြောင်း The Daily Mail သတင်းစာက ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

သက်လတ်ပိုင်းအရွယ်တွင် ကိုယ်အလေးချိန်တိုးလာပြီး သွေးဖိအားနှင့်သွေးအတွင်း သကြားဓာတ်ပါဝင်မှု မြင့်တက်နေသူများသည် ကိုယ်အလေးချိန်ပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက ငယ်ငယ်ရွယ်ရွယ်ဖြင့် သေဆုံးနိုင်ခြေ မြင့်မားကြောင်း ဆွီဒင်သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဆွီဒင်သုတေသနပညာရှင်များသည် လူပေါင်း ၃၄၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွေးဖိအားနှင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုမြင့်မားသူများသည် သက်လတ်ပိုင်းအရွယ်၌ ကိုယ်အလေးချိန် အနည်းငယ် တိုးလာခဲ့လျှင်ပင် နောင်နှစ် ၃၀ အတွင်း နှလုံးကျန်းမာရေးပြဿနာများ ခံစားရနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် သက်လတ်ပိုင်းအရွယ် ကိုယ်အလေးချိန်တိုးလာသူများမှာ နောင်လာမည့် နှစ် ၃၀ အတွင်း နှလုံးပြဿနာများကြောင့် အသက်ဆုံးပါးနိုင်ခြေလည်း ၃၀ ရာခိုင်နှုန်းပို၍ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Tour Championship ပြိုင်ပွဲ ချန်ပီယံဆုကို ဟိုဗ်လန်း ဆွတ်ခူး

**အတ္တလန်တာ ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ကျင်းပခဲ့သည့် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နော်ဝေဂေါက်သီးရိုက်ကစားသမား ဟိုဗ်လန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၇ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း DM သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမားရှောင်ဖီလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင်ဖြစ်သည့် ဝိုင်ဟမ်ကလက်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဟိုဗ်လန်းသည် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ပြီး ရက်ပိုင်းအကြာတွင် Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့သည့်အတွက် FedEx Cup အမှတ်ပေးဇယား၏ နံပါတ်(၁)နေရာကို ကမ္ဘာ့အဆင့်(၁)ဂေါက်သီးရိုက်ကစားသမားဖြစ်သည့် စကော့တီရှက်ဖလာထံမှ လွှဲပြောင်းရယူနိုင်ခဲ့ပြီး ယခုနှစ်၏ FedEx Cup ချန်ပီယံဆုကိုပါ ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် Tour Championship ဂေါက်သီးရိုက် ပြိုင်ပွဲချန်ပီယံဆုအတွက် ရရှိသည့်ဆုကြေးငွေအပြင် FedEx Cup အမှတ်ပေးဇယား၏ နံပါတ်(၁)နေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၈ သန်းထိ ဆွတ်ခူးခဲ့သည်။

ဟိုဗ်လန်းက "Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲဟာ နှစ်တစ်နှစ်အတွက် အရေးကြီးတဲ့ ပြိုင်ပွဲဖြစ်သလို ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲမှာအောင်မြင်မှုရဖို့အတွက် Game Plan ကိုသေချာဆွဲခဲ့တယ်။ တိုက်ဂါးဝုဒ်အောင်မြင်ခဲ့စဉ်ကာလက အသုံးပြုခဲ့တဲ့ Game Plan အတိုင်း ကျွန်တော်ကြိုးစားပြင်ဆင်ခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL




## အားကစားသတင်း အတိုအထွာများ

- နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသည့် ဗန်ဒိုက်အနေဖြင့် ကွင်းလယ်ဒိုင်ကို ကြမ်းတမ်းစွာပြောဆိုမှုများကြောင့် အက်ဖ်အေ၏စုံစမ်းစစ်ဆေးမှုပြုလုပ်ခံနေရပြီး ထပ်တိုးပြစ်ဒဏ် ကျခံရဖွယ်ရှိကြောင်း သိရသည်။
- ဆောက်သမ်တန်အသင်း တောင်ပံကစားသမား နသန်တဲလက်စ်ကို လေဗာကူဆင်အသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၂၀ ဖြင့်ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ဒဏ်ရာပြဿနာရှိနေသည့် တိုက်စစ်မှူး ဗင်နီစီးယက်စ်၏နေရာတွင် တိုက်စစ်မှူး မာရှယ်နှင့်အစားထိုးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ML

# ဆော်ဒီအာရေဗျအသင်းက အီတလီနည်းပြဟောင်း မန်စီနီကို နည်းပြအဖြစ် ခန့်အပ်ကြောင်း ကြေညာ






**ရိုယာ့ဒ် ဩဂုတ် ၂၈**

ဆော်ဒီအာရေဗျ ဘောလုံးအဖွဲ့ချုပ်က အီတလီနည်းပြဟောင်း မန်စီနီကို နည်းပြအဖြစ်ခန့်အပ်နိုင်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျဘောလုံးအဖွဲ့ချုပ်သည် နည်းပြမန်စီနီနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များထုတ်ပြန်ခဲ့ခြင်းမရှိသော်လည်း အီတလီမီဒီယာများ၏ ဖော်ပြချက်အရ နည်းပြမန်စီနီသည် တစ်နှစ်လုပ်ခယူရှိ ၂၅ သန်းဖြင့် ၂၀၂၇ ခုနှစ်ထိ ဆော်ဒီအာရေဗျအသင်းကို တာဝန်ယူ ကိုင်တွယ်မည်ဖြစ်ပြီး လာမည့် စက်တင်ဘာ ၈ ရက်တွင် ကစားရမည့် ကော်စတာရီကာအသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲစဉ်ကို စတင်တာဝန်ယူမည်ဖြစ်ကြောင်း သိရသည်။

နည်းပြမန်စီနီက "ကျွန်တော့်အနေနဲ့ သမိုင်းမှတ်တမ်းကောင်းတစ်ခုရရှိအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ ဆော်ဒီအာရေဗျအသင်းနဲ့အတူ သမိုင်းမှတ်တမ်းကောင်းတွေ ရရှိအောင် လုပ်ဆောင်ရမဲ့ အချိန်ရောက်လာပါပြီ"ဟု ပြောကြားခဲ့သည်။

နည်းပြမန်စီနီသည် အီတလီအသင်းနှင့်အတူ ဥရောပဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ပြီးနောက် အသင်းအနေဖြင့် ပုံစံကောင်းပျောက်ဆုံးခဲ့သဖြင့် ပြီးခဲ့သည့် ဩဂုတ် ၁၃ ရက်က အသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် အီတလီဘောလုံးအဖွဲ့ချုပ်က ၎င်း၏နေရာတွင် နာပိုလီအသင်းနည်းပြဟောင်းစပယ်လက်တီနှင့်အစားထိုးခဲ့ကြောင်း သိရသည်။ ML

# အေဗီလာအသင်း ကစားသမားများစီးနင်းလာသည့် ဘတ်စကားတိုက်ခိုက်ခံရမှုဖြစ်စဉ်ကို ရဲတပ်ဖွဲ့စစ်ဆေးမှုပြုလုပ်

**လန်ဒန် ဩဂုတ် ၂၈**

ပြီးခဲ့သည့် ဩဂုတ် ၂၇ ရက်က ပရီးမီးယားလိဂ်ပွဲစဉ်(၃)တွင် အေဗီလာအသင်းက အိမ်ရှင်ဘန်လေအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီးနောက် အပြန်ခရီးတွင် အေဗီလာအသင်းကစားသမားများစီးနင်းလာသည့်ဘတ်စကား ခဲဖြင့်တိုက်ခိုက်ခံရမှုကြောင့် ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အေဗီလာအသင်းသည် အိမ်ရှင်ဘန်လေအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် အပြန်လမ်းခရီးတွင် လန်ကက်ရှီးယားမြို့ တံတားတစ်ခုအဖြတ်၌ တံတားအောက်မှ တစ်စုံတစ်ယောက်က ခဲဖြင့်တိုက်ခိုက်ခဲ့ရာ ကားပြတင်းမှန်ကို ထိမှန်ခဲ့သော်လည်း ဘတ်စကားပေါ် လိုက်ပါလာသူများအနေဖြင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းမရှိခဲ့ဟု လန်ကက်ရှီးယားရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဘန်လေအသင်း တာဝန်ရှိသူများက "အခုလိုအားကစားနဲ့ ဆန့်ကျင်တဲ့ဖြစ်ရပ်ကို အသင်းအနေနဲ့ရှုတ်ချပါတယ်။ လန်ကက်ရှီးယားရဲတပ်ဖွဲ့ရဲ့စုံစမ်းစစ်ဆေးမှုမှာလဲ တရားခံဖော်ထုတ်နိုင်တဲ့ထိ အသင်းအနေနဲ့အပြည့်အဝပါဝင်ကူညီသွားမှာပါ"ဟု ပြောကြားခဲ့သည်။

အဆိုပါပွဲစဉ်တွင် အိမ်ရှင်ဘန်လေအသင်းသည် အေဗီလာအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အေဗီလာအသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ ပွဲချိန် ရှစ်မိနစ်နှင့် ပွဲချိန် မိနစ် ၂၀ တွင် ခံစစ်ကစားသမားမက်တီကတ်၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်း၌ ဘန်လေအသင်းက ပွဲချိန် ၄၇ မိနစ်တွင် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အေဗီလာအသင်းက တိုက်စစ်မြင့်ကစားလာခဲ့ရာ ပွဲချိန် ၆၁ မိနစ်တွင် တောင်ပံကစားသမား ဒီယာဘီက တတိယဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အေဗီလာအသင်းက ဘန်လေအသင်းကို သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ML

# လူကာကူကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် ရိုးမားအသင်း၏ကမ်းလှမ်းမှုကို ချဲလ်ဆီးအသင်းလက်ခံခဲ့ဟုဆို

**လန်ဒန် ဩဂုတ် ၂၈**

ချဲလ်ဆီးအသင်းသည် ယခုအပြောင်းအရွှေ့ ကာလတွင် အရောင်းစာရင်း တင်သွင်းထားသည့် တိုက်စစ်မှူး လူကာကူကို တစ်ရာသီအငှား စာချုပ်ဖြင့်ခေါ်ယူရန် ရိုးမားအသင်း၏ကမ်းလှမ်းမှုကို ချဲလ်ဆီးအသင်းက လက်ခံခဲ့ကြောင်း Cultofcalcio.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကလပ်အသင်း နှစ်ခုကြားသဘောတူညီချက်တွင် ရိုးမားအသင်းသည် လူကာကူကိုတစ်ရာသီအငှားစာချုပ်အတွက် ယူရိုငါးသန်းပေးချေရမည်ဖြစ်ပြီး ကစားသမားအနေဖြင့် တစ်နှစ်လုပ်ခ ယူရို ၁၁ သန်းရရှိနေသူဖြစ်သော်လည်း ရိုးမားအသင်းက တစ်နှစ်လုပ်ခယူရို ၇ ဒသမ ၅ သန်း ပေးချေရန်စီစဉ်နေသောကြောင့် ကစားသမားအနေဖြင့် လုပ်ခလစာလျှော့ယူကာ ရိုးမားအသင်းနှင့် ပူးပေါင်းရန် သေချာလျက်ရှိကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် လူကာကူ၏အငှားစာချုပ်တွင် အပြီးသတ်ဝယ်ယူခွင့်ထည့်သွင်းချုပ်ဆိုလိုသော်လည်း ရိုးမားအသင်းကအပြီးသတ်ဝယ်ယူရန် ငြင်းဆိုခဲ့ပြီးအသင်း၏ဘဏ္ဍာရေးအခက်အခဲကြောင့် အငှားစာချုပ်သာချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလတွင် ချဲလ်ဆီးအသင်းတိုက်စစ်မှူး လူကာကူကို အင်တာမီလန်အသင်းက အပြီးသတ်ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်းအသင်းပရိသတ်များ၏ ဆန့်ကျင်မှုကြောင့်






အောင်မြင်မှု မရခဲ့သည့်အပြင် ဂျူဗင်တပ်အသင်းက ထပ်မံခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ ဂျူဗင်တပ်အသင်းပရိသတ်များက ဆန္ဒထုတ်ဖော်မှုများ ထပ်မံပြုလုပ်ခဲ့သောကြောင့် လူကာကူ၏အပြောင်းအရွှေ့မှာ ကြန့်ကြာခဲ့ရကြောင်း သိရသည်။ ML

# ကစားသမားခေါ်ယူမှု ချဲလ်ဆီးအသင်းနည်းတူ မပြုလုပ်ပေးသည့်အတွက် စထရာဘော့အသင်းပရိသတ်များက အသင်းပိုင်ရှင်ကို ဆန္ဒပြမှုများပြုလုပ်

**ပဲရစ် ဩဂုတ် ၂၈**

စထရာဘော့ အသင်းပရိသတ်များက ချဲလ်ဆီးအသင်းကဲ့သို့ အပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှု မပြုလုပ်ပေးသည့်အတွက် အသင်းပိုင်ရှင်တော့ဘိုလီကို ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်ခဲ့ကြကြောင်း L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




လက်ရှိ ချဲလ်ဆီးအသင်းပိုင်ရှင် တော့ဘိုလီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ချဲလ်ဆီးအသင်းကိုဝယ်ယူခဲ့ပြီးနောက်ပိုင်း ပြင်သစ်လီဂူးကလပ် စထရာဘော့အသင်းကိုလည်း ဆက်လက်ဝယ်ယူခဲ့ခြင်းဖြစ်သည်။

တော့ဘိုလီက မန်စီးတီးအသင်းပိုင်ရှင်ကဲ့သို့ ဘောလုံးအသင်းများကိုဝယ်ယူပြီး ဘောလုံးအင်ပါယာတည်ဆောက်လိုနေသည့်အတွက် ချဲလ်ဆီးအသင်းကိုဝယ်ယူခဲ့ပြီးနောက် စထရာဘော့အသင်းကိုလည်းပြီးခဲ့သည့် ဘောလုံးရာသီက စတာလင်ပေါင် ၆၅ သန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

တော့ဘိုလီသည် ချဲလ်ဆီးအသင်းနှင့် စထရာဘော့အသင်းတို့ကို ပူးတွဲဝယ်ယူခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုများတွင် ချဲလ်ဆီးအသင်းတွင်သာပြုလုပ်နေပြီး ပြီးခဲ့သည့်ဘောလုံးရာသီနှင့် လက်ရှိနွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတို့တွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် တစ်ဘီလီယံခန့်ထိအသုံးပြုပြီး ထိပ်တန်းကစားသမားများကိုခေါ်ယူခဲ့ခြင်းဖြစ်သည်။

သို့သော် စထရာဘော့အသင်းအတွက် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်သာပြုလုပ်ခဲ့ပြီး လက်ရှိနွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလထိ ကစားသမားခေါ်ယူမှုအတွက် စတာလင်ပေါင် သန်း ၃၀ သာ အသုံးပြုထားသည့်အတွက် အသင်းပရိသတ်များက အသင်းပိုင်ရှင် တော့ဘိုလီကို ဆန္ဒပြမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဒူးဒဏ်ရာကြောင့် US Open တင်းနစ်ပြိုင်ပွဲမှ ဂျပန်ကစားသမား နီရှီခိုရီ နုတ်ထွက်

**နယူးယောက် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင်ကျင်းပမည့် US Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရေးအတွက် ပြင်ဆင်နေသည့် ဂျပန်တင်းနစ်ကစားသမား နီရှီခိုရီသည် ဒူးဒဏ်ရာရရှိနေသည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ထုတ်ပြန်ကြေညာခဲ့ကြောင်း Mirror သတင်းဌာနက ဩဂုတ် ၂၇ ရက်တွင် ဖော်ပြခဲ့သည်။

နီရှီခိုရီသည် ၂၀၁၄ ခုနှစ်တွင် US Open တင်းနစ်ပြိုင်ပွဲ၌ ဒုတိယနေရာရခဲ့ပြီး ဂရန်းစလန်းတင်းနစ်ပြိုင်ပွဲအမျိုးအစားတွင် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့သည့် ပထမဦးဆုံးသော အာရှသားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်သည်။

နီရှီခိုရီအနေဖြင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် ဒဏ်ရာပြဿနာကြောင့် နှစ်နှစ်နီးပါးခန့်ထိ အနားယူခဲ့ရပြီး ဒဏ်ရာမှပြန်လည်သက်သာလာသည်မှာ မကြာသေးသော်လည်း ဒူးဒဏ်ရာဖြင့် ထပ်မံရင်ဆိုင်ခဲ့ရပြန်သည်။

US Open တင်းနစ်ပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်ထားသော်လည်း ဒူးဒဏ်ရာသည် ပြိုင်ပွဲဝင်နိုင်သည့် အနေအထားမျိုးတွင် မရှိသည့်အတွက်ကြောင့် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်းလည်း နီရှီခိုရီကပြောကြားခဲ့သည်။

နီရှီခိုရီသည် ယခုနှစ်တင်းနစ်ရာသီအတွင်း အောင်မြင်မှုရရှိရေးအတွက် ရည်ရွယ်ထားခြင်းမရှိသော်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်မြင့်တက်လာရေးကို ပစ်မှတ်ထားနေသူလည်းဖြစ်သည်။

၂၀၂၄ ခုနှစ် တင်းနစ်ရာသီတွင် အဓိကပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကမ္ဘာ့အဆင့်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ယခုနှစ်တွင်ကျင်းပသော တင်းနစ်ပြိုင်ပွဲများတွင် ရလဒ်ကောင်းရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ AZL

# စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးဖန်တီးနိုင်သူအဖြစ် ယာမယ်လာ မှတ်တမ်းဝင်




**မက်ဒရစ် ဩဂုတ် ၂၈**

ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမား ယာမယ်လာသည် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး ဖန်တီးနိုင်ခဲ့ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲ သမိုင်းတစ်လျှောက် အသက်အငယ်ဆုံး ဂိုးဖန်တီးနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Opta.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်းက ဗီလာရီးရဲလ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ယာမယ်လာက ပွဲထွက်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီး ပွဲချိန် ၁၂ မိနစ်တွင် ဂါဗီသွင်းယူခဲ့သည့် သွင်းဂိုးကို ဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပြီးနောက် စံချိန်မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းအကယ်ဒမီထွက်ကစားသမား ယာမယ်လာသည် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ပွဲစဉ်တွင် ပါဝင်ကစားခဲ့သည့်အချိန်၌ အသက် ၁၆ နှစ်နှင့် ၄၅ ရက်သာရှိသေးသူဖြစ်သည်။

ယာမယ်လာအနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်းကို နည်းပြဇာဗီတာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် လူငယ်အသင်းမှ အသင်းကြီးသို့ခေါ်ယူခြင်းခံခဲ့ရပြီး ပြီးခဲ့သည့်ဘောလုံးရာသီက ပွဲစဉ် လေးပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် အသင်းနှင့်ပထမဆုံးပွဲစဉ်၌ ပါဝင်ကစားခဲ့ရာတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် ခြေစွမ်းပြသနိုင်ခဲ့သည့် ယာမယ်လာအနေဖြင့် ပွဲချိန် မိနစ် ၇၀ တွင် လူစားလဲထွက်ခွာခဲ့ပြီး နောက်တွင်လည်း ဘာစီလိုနာအသင်း ပရိသတ်များအပြင် ဗီလာရီးရဲလ်အသင်း ပရိသတ်များကပါ လက်ခုပ်တီးဂုဏ်ပြုခံခဲ့ရကြောင်း သိရသည်။ STA

# CPKC Women's Open ပြိုင်ပွဲ ချန်ပီယံဆုကို မီဂန်ခန် ဆွတ်ခူး

**ဗန်ကိုဗား ဩဂုတ် ၂၈**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ် ဗန်ကိုဗားမြို့တွင် ကျင်းပခဲ့သည့် CPKC Women's Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်မယ် မီဂန်ခန်က ဆွတ်ခူးခဲ့ကြောင်း Golf Today သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မီဂန်ခန်သည် နောက်ဆုံးနေ့အပြီးတွင် တောင်ကိုရီးယားဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုနှင့်အတူ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားထိပ်တွင်ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံဆုအတွက် Play-off အဆင့်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင် မီဂန်ခန်ကအနိုင်ရရှိကာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အဆင့်(၂)ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုသည် ဒုတိယနေရာဖြင့်သာကျေနပ်ခဲ့ရပြီး တရုတ်ဂေါက်သီးရိုက်မယ် ရှုနင်ယင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျင်ယန်းကိုအနေဖြင့် Play-off တွင် ချန်ပီယံဆုကိုဆွတ်ခူးနိုင်သည့် အခွင့်အရေးကောင်းများ ပိုင်ဆိုင်ခဲ့သော်လည်း ကျင်းနှစ်ကျင်းဆက်တိုက်တွင် Bogey ရိုက်ချက်ရခဲ့သည့်အတွက် မီဂန်ခန်က ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မီဂန်ခန်က "ကစားသမားဘဝသက်တမ်းတစ်လျှောက် ပထမဦးဆုံးသော LPGA ဆုဖလားကိုဆွတ်ခူးနိုင်သွားပြီ။ နောက်ဆုံးနေ့မှာကစားရတာတော်တော်လေးတော့ ရင်ခုန်စိတ်လှုပ်ရှားစရာ ကောင်းပါတယ်။ ဂျင်ယန်းကိုကလဲ တောက်လျှောက်ဖိအားပေးနေတဲ့အတွက် ဖိအားတွေများခဲ့တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL



# ဘိုင်ယန်မြူးနစ်အသင်းက တွန်မနေးကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် မန်ယူအသင်းနှင့်ဆွေးနွေးမှုများပြုလုပ်

**မန်ချက်စတာ ဩဂုတ် ၂၈**

ဘိုင်ယန်မြူးနစ် အသင်းက လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလ မပြီးဆုံးမီ ရက်ပိုင်းအလိုတွင် မန်ယူအသင်းနှင့် အနာဂတ်မရေမရာ ဖြစ်နေသည့် ကွင်းလယ်ကစားသမား တွန်မနေးကို တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေသည်ဟု Bild သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း အကယ်ဒမီမှ ထွက်ပေါ်ခဲ့သည့် တွန်မနေးသည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က မန်ယူအသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အစောပိုင်းနှစ်များက အသင်းကွင်းလယ်ပိုင်းတွင် ဖရက်ဒ်နှင့်တွဲဖက်ပြီး အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။

သို့သော် မန်ယူအသင်းကို ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြတန်ဟတ်စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် အဲရစ်ဆင်နှင့်ကက်စ်မဲရိုးတို့နောက်တွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရရှိနေပြီး လက်ရှိကစားသမားအပြောင်းအရွှေ့ကာလတွင်လည်း အသင်း၏ ရောင်းချမည့်ကစားသမားစာရင်းတွင် ထည့်သွင်းခံထားရသူဖြစ်သည်။

အစောပိုင်းက တွန်မနေးကို ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ဝက်စ်ဟမ်းအသင်းနှင့် နယူးကာဆယ်အသင်းတို့ကခေါ်ယူရန် သတင်းထွက်ပေါ်ခဲ့သော်လည်း လက်ရှိအချိန်ထိ အပြောင်းအရွှေ့မဖြစ်မြောက်သေးဘဲ ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းက တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူရန် တရားဝင် ဆွေးနွေးနေခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဝါခေါင်လနှင့် စာရေးတံပွဲ

သာကီနွယ်(ညောင်ရမ်း)

ဝါခေါင်လသည် မြန်မာလ ၁၂ လတွင် ပဥ္စမမြောက်လဖြစ်၍ မိုးဥတုတွင်ပါဝင်ပေသည်။ "ဝါခေါင်တစ်ကြောင်း၊ ထနောင်းကြောင်ကျစ်၊ ဆူးရစ်ပွင့်ခါ၊ မိုးမရွာ၊ ရွာပါသော်လည်း၊ မိုးမသည်း"ဟူသောစကားအရ ဝါခေါင်လတွင် အညာဒေသ၌ တစ်ခါတစ်ရံမှသာ မိုးရွာတတ်သည်။ ရွာသည့်အခါတွင်လည်း မိုးမသည်းတတ်ပေသည်။ ဝါခေါင်လတွင် မြစ်ရေ၊ ချောင်းရေများတိုးကာ ကမ်းလုံးပြည့်လျှံတတ်လေ့ရှိသောကြောင့် "ဝါဆိုဝါခေါင် ရေဖောင်ဖောင်"ဟု လူအများဆိုကြပေသည်။ ဝါခေါင်လကို နံကာလဟုလည်း ခေါ်ကြသည်။ ရာသီအားဖြင့်မူ သိဟ်ရာသီဖြစ်၏။ ခတ္တာပန်းသည် ဝါခေါင်လ၏ရာသီပန်းဖြစ်၍ သရဝဏ်နက္ခတ်နှင့် စန်းယှဉ်၏။ ရှေးမြန်မာဘုရင်တို့သည် ဝါခေါင်လတွင် ရာသီပွဲအဖြစ် စာရေးတံပွဲကို ခြိမ့်ခြိမ့်သဲ ဆင်ယင်ကျင်းပလေ့ရှိကြသည်။ နေ့တာရှည်၍ ညတာတိုသော ရက်မစုံလဖြစ်၏။ ထို့ကြောင့် ဝါခေါင်လဘွဲ့ သံပေါက်တစ်ပုဒ်တွင် "နံကာခေါ်ကြ၊ ဝါခေါင်လ၊ သီဟရာသီထား။ စာရေးတံပွဲ၊ ခြိမ့်ခြိမ့်သဲ၊ လှူမြဲကျော်ထင်ရှား။ သရဝဏ်နက္ခတ်၊ စန်းယှဉ်လတ်၊ ခတ္တာပွင့်ထွားထွား"ဟု စပ်ဆိုထားသည်ကို တွေ့ရပေသည်။

ဝါခေါင်လရောက်တိုင်း ကျွန်တော်တို့ မြို့လေးသည် ဝါခေါင်လပြည့်နေ့တွင် မြို့ပေါ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များကို ပင့်ဆောင်ကာ မြို့လုံးကျွတ် မဟာဒုက်စာရေးတံပွဲကို နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်ကြလေ့ရှိသည်။ မဟာဒုက်စာရေးတံပွဲသည် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲတစ်ခုတွင် မဟာဒုက်ဟူသော ဆင်းရဲသားတစ်ဦးကို အကြောင်းပြု၍ စတင်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။

ဤဘဒ္ဒကမ္ဘာတွင် ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရားဟူသည့် ဘုရားလေးဆူပွင့်ပြီးဖြစ်၍ အရိမေတ္တေယျမြတ်စွာဘုရားတစ်ဆူသာ ပွင့်ရန်ကျန်ပါတော့သည်။ ထိုသို့ကျန်ရှိနေသော အရိမေတ္တေယျမြတ်စွာဘုရားရှင်အား ကိုယ်တိုင်ကိုယ်ကျ ဖူးတွေ့လိုပါက ကုသိုလ်ကောင်းမှုများကိုပြုလုပ်ထားကြရန် တိုက်တွန်းထားခြင်းဖြစ်ပေသည်။

မဟာဒုက်စာရေးတံပွဲသည် ပွင့်တော်မူပြီးကုန်သော ဘုရားလေးဆူအနက် သုံးဆူမြောက်ဖြစ်သော ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါက ကဿပမြတ်စွာဘုရားရှင်သည် တပည့်သာဝကအပေါင်း နှစ်သောင်းခြံရံလျက် ဗာရာဏသီပြည်သို့ ဒေသစာရီကြွချီတော်မူခဲ့သည်။ ထိုစဉ်အခါ တိုင်းသူပြည်သားများက မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သာဝကတို့ကို အာဂန္တုကဆွမ်း ဆက်ကပ်လှူဒါန်းမှုပြုခဲ့ကြသည်။ ဆွမ်းလှူပွဲအပြီးတွင် မြတ်စွာဘုရားရှင်က ကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမတို့ကို ဆွမ်းအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။

ကဿပမြတ်စွာဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာခဲ့ရသော ပညာရှိသူတော်ကောင်းများသည် ကဿပမြတ်စွာဘုရားရှင်နှင့်တကွ နောက်ပါတပည့်သာဝက နှစ်သောင်းတို့ကို နောက်နေ့နံနက်မိုးသောက်အလင်းရောက်သောအခါ ဆွမ်းအလှူခံရန် မြတ်စွာဘုရားရှင်အား လျှောက်ကြားပြီး အပြန်တွင် မိမိနှင့် နီးစပ်ရာရပ်ကွက်၊ အိမ် စသည်တို့ကို ငါးပါး၊ ရှစ်ပါး၊ ၁၀ ပါး စသည်ဖြင့် တတ်နိုင်သမျှ မိမိတို့အိမ်၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်လှူဒါန်းနိုင်ကြစေရန် တိုက်တွန်းနှိုးဆော်သမှုပြုကြလေသည်။ ထိုသို့ နှိုးဆော်ပြီးချိန်၌ အိမ်ရှင်များက နိဗ္ဗာန်ဆော်ထံ သံဃာစာရင်းပေးသွင်းကာ နောက်နေ့နံနက်အချိန်အခါတွင် ဆွမ်းလှူဒါန်းရန်ပြင်ဆင်ကြပါတော့သည်။

ထိုအချိန်၌ ဗာရာဏသီမြို့တွင် အဆင်းရဲဆုံးသူရင်းငှားဖြစ်သည့် မဟာဒုဂ္ဂတခေါ် မဟာဒုက်လည်း နိဗ္ဗာန်ဆော်၏အနီးနားတွင် မျက်နှာငယ်လေးနှင့် ငေးမှိုင်နေသည်ကိုမြင်တွေ့ရသောကြောင့် နိဗ္ဗာန်ဆော်က "ဟေး မဟာဒုက်။ မင်းဘာလို့ငေးမှိုင်နေတာလဲ။ မရှိလို့မလှူ မလှူလို့မရှိ ဆိုတဲ့စကား မကြားဖူးဘူးလား။ မင်းဟာ အခုလို မြတ်စွာဘုရားနဲ့ ကြုံကြိုက်နေတဲ့ အချိန်ကာလမျိုးမှာမှ လှူဒါန်းမှုမပြုဘူးဆိုရင် ဘယ်တော့မှဆင်းရဲတွင်းက လွတ်မြောက်တော့မှာ မဟုတ်ဘူး"စသည်ဖြင့် တိုက်တွန်းလိုက်သည့်အခါတွင် မဟာဒုက်က "နိဗ္ဗာန်ဆော် ကျွန်တော်မျိုး သံဃာတစ်ပါးစာအတွက် ဆွမ်းတာဝန်ယူပါရစေခင်ဗျာ။ စာရင်းမှတ်ထားပေးပါ"ဟုပြောပြီး အိမ်သို့ပြန်လာခဲ့သည်။

အိမ်သို့အရောက်တွင် အိမ်သူသက်ထားကို "ရှင်မရေ ငါတော့ မနက်ဖြန်မနက် မင်္ဂလာရှိသောအချိန်ကုန်သွားပြီ"ဟုဆိုလိုက်ရာ မဟာဒုက်ခမျာ ရင်ဝကိုလှံနှင့် အထိုးခံလိုက်ရသည့်အလား စိတ်အလွန်ထိခိုက်သွားရ၏။

"အဲလိုလုပ်လို့ဘယ်ရမလဲ။ ကျွန်တော်မျိုးအတွက် သံဃာတစ်ပါးတော့ မဖြစ်မနေရှာပေးပါ"ဟု ငိုကြွေးကာပြောဆိုပါတော့သည်။ နိဗ္ဗာန်ဆော်က မဟာဒုက်ကို နှစ်သိမ့်သောအားဖြင့် "အခြားသံဃာတွေကိုတော့ လိုက်ပင့်ပေးလို့မရတော့ဘူး။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးတော့ ဂန္ဓကုဋိတိုက်တော်အတွင်းမှာ ရှိနေသေးတယ်။ မင်းပင့်ချင်ရင်တော့ မြတ်စွာဘုရားရှင်ရဲ့သပိတ်တော်ကိုတောင်းခံကာ မြတ်စွာဘုရားရှင်ကိုပဲ သွားပင့်ပေတော့။ ဂန္ဓကုဋိတိုက်တော်ရှေ့မှာ အိမ်ရှေ့မင်း၊ သူဋ္ဌေးသူကြွယ်တွေနဲ့ အထက်တန်းလွှာပုဂ္ဂိုလ်တွေတော့ မြတ်စွာဘုရားကိုပင့်ဖို့

**❖ မဟာဒုက်စာရေးတံပွဲသည် ပွင့်တော်မူပြီးကုန်သော ဘုရားလေးဆူအနက် သုံးဆူမြောက်ဖြစ်သော ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါက ကဿပမြတ်စွာဘုရားရှင်သည် တပည့်သာဝကအပေါင်း နှစ်သောင်းခြံရံလျက် ဗာရာဏသီပြည်သို့ ဒေသစာရီကြွချီတော်မူခဲ့သည်။ ထိုစဉ်အခါ တိုင်းသူပြည်သားများက မြတ်စွာဘုရားရှင်နှင့်တကွ တပည့်သာဝကတို့ကို အာဂန္တုကဆွမ်း ဆက်ကပ်လှူဒါန်းမှုပြုခဲ့ကြသည်။ ဆွမ်းလှူပွဲအပြီးတွင် မြတ်စွာဘုရားရှင်က ကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမတို့ကို ဆွမ်းအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူသည်။ ❖**

ကာလသမယမှာ သံဃာတစ်ပါးကိုဆွမ်းလှူဒါန်းဖို့ နိဗ္ဗာန်ဆော်ထံ စာရင်းပေးခဲ့တယ်။ ငါတို့ခုချိန်က စပြီး ဆွမ်းတစ်နပ်စာ ဆက်ကပ်လှူဒါန်းနိုင်ဖို့ ငွေရှာထွက်ကြစို့"ဆိုပြီး မဟာဒုက်တို့ဇနီးမောင်နှံ မြို့ထဲကို ထွက်လာခဲ့ကြရာ မဟာဒုက်က သူဌေးကြီးတစ်ဦးထံတွင် သူရင်းငှားလုပ်၍ လုပ်အားခအဖြစ် သူဌေးကြီးထံမှ သလေးဆန်ရှစ်စလယ်ကိုရရှိခဲ့သည်။ ထို့ပြင် မဟာဒုက်၏ဇနီးကလည်း သူဌေးကတော်တစ်ဦးထံတွင် အဝတ်လျှော်၊ အိမ်သန့်ရှင်းရေးလုပ်ပြီး လုပ်အားခအဖြစ် ထောပတ်တစ်ဇလုံ၊ နို့ဓမ်းတစ်အိုးနှင့် သလေးဆန်တစ်စလယ်တို့ကို ရရှိခဲ့ပြန်သည်။ ဤသို့ဖြင့် မဟာဒုက်တို့ဇနီးမောင်နှံသည် သံဃာတစ်ပါးစာအတွက် ဆွမ်းကပ်ရန်ပြည့်စုံနေပြီဖြစ်သဖြင့် ကြည်နူးဝမ်းမြောက်၍နေပေသည်။ တံငါသည်တို့ကို ဝိုင်းဝန်းကူညီလုပ်ဆောင်ပေးရာ ဆွမ်းစားပွဲဝိုင်း၌ ဖွယ်ဖွယ်ရာရာဖြင့် ပိုမိုပြည့်စုံလုံလောက်စေရန် ဟင်းသီးဟင်းရွက်နှင့် ငါးကြင်းလေးကောင်ကို လက်ဆောင်အဖြစ်ပေးလိုက်ကြသေး၏။

"လူမင်းဘုန်းကြီး နတ်မင်းမနေသာ"ဆိုသကဲ့သို့ သကြားမင်းသည်လည်း မဟာဒုက်အိမ်သို့ မြတ်စွာဘုရားကိုယ်တော်တိုင် ဆွမ်းအလှူခံကြွရောက် ချီးမြှောက်မည့်အကြောင်းကိုသိသဖြင့် လူယောင်ဖန်ဆင်းကာ မဟာဒုက်၏အိမ်သို့သွား၍ ဆွမ်းချက်ရာတွင် စေတနာ့ဝန်ထမ်းအဖြစ် ဝေယျာဝစ္စကုသိုလ်ပြုလိုပါကြောင်း ခွင့်တောင်းကာ ဆွမ်းချက်ခြင်းကို တာဝန်ယူဆောင်ရွက်ပါတော့သည်။

မဟာဒုက်သည် သံဃာတော်ပင့်ချိန်ရောက်၍ နိဗ္ဗာန်ဆော်ထံတွင် မိမိအတွက် မဲကျရာသံဃာတစ်ပါးပေးပါရန် သွားရောက်တောင်းခံသည့်အခါမှ နိဗ္ဗာန်ဆော်သည် မဟာဒုက် သံဃာတစ်ပါးယူထားသည်ကို သတိရသွားပြီး "မဟာဒုက် ငါမင်းအတွက် စာရင်းမှတ်ဖို့မေ့သွားတယ်ကွာ။ အခုလဲ မြို့သူမြို့သားတွေက မဲကျရာ သံဃာတော်တွေကို ပင့်သွားကြတာ အလုအယက်စောင့်နေကြတယ်။ ဒါပေမဲ့ မင်းအားမငယ်ပါနဲ့ မြတ်စွာဘုရားတို့မည်သည် ဆင်းရဲချမ်းသာလူတန်းစားမရွေး သနားချီးမြှောက်လေ့ရှိပါတယ်။ မင်းသာ ရဲရဲဝံ့ဝံ့လျှောက်ပါ။ ကံကောင်းရင်တော့ရမှာပေ့ါ"လို့ပြောပြီး မြတ်စွာဘုရားထံစေလွှတ်လိုက်ပါတော့သည်။ ထိုအခါ မဟာဒုက်သည် မြတ်စွာဘုရားသီတင်းသုံးတော်မူရာ ဂန္ဓကုဋိတိုက်ရှေ့သို့ အလျင်အမြန်လျှောက်သွား၏။

ထိုအချိန်တွင် သူဌေးသူကြွယ်များက စားကြွင်းစားကျန်များကို လာရောက်တောင်းစားသူလို့ ထင်မှတ်ကာ ဆွမ်းစားချိန်မဟုတ်သေးကြောင်း ပြောဆိုကာ မဟာဒုက်ကို မောင်းထုတ်ကြလေသည်။ မဟာဒုက်က "အကျွန်ုပ်သည် စားကြွင်းစားကျန်များကို လာရောက်တောင်းစားသူမဟုတ်ပါ။ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန်လာရောက်သူဖြစ်ပါသည်"ဟု ပြောဆိုလိုက်၏။ ထို့နောက် ဂန္ဓကုဋိတံခါးခုံကို နဖူးနှင့်ဦးတိုက်ကာ "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ ဟောဒီဗာရာဏသီတစ်မြို့လုံးမှာ ဘုရားတပည့်တော်အဆင်းရဲဆုံးပါဘုရား။ တပည့်တော်လောက်ဆင်းရဲတဲ့သူမရှိပါဘုရား။ အရှင်ဘုရားသည် ဘုရားတပည့်တော်၏ အားကိုးအားထားရာဖြစ်တော်မူကာ ဘုရားတပည့်တော်၏ သဒ္ဓါတရားနှင့် သံသရာကိုငဲ့ကွက်၍ သနားသဖြင့် ဆွမ်းအလှူခံ ကြွရောက်ချီးမြှောက်တော်မူပါဘုရား"ဟု အသနားခံလျှောက်ထားပါတော့သည်။ ထိုအချိန်တွင် မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတံခါးကို ဖွင့်တော်မူကာ သပိတ်တော်ကို မဟာဒုက်၏လက်ထဲသို့အပ်နှင်းလိုက်လေသည်။ မြတ်စွာဘုရားရှင်၏ သပိတ်တော် မိမိလက်ထဲသို့ရောက်သည်နှင့်တစ်ပြိုင်နက် မဟာဒုက်သည် အလွန့်အလွန်ပင်ဝမ်းသာပျော်ရွှင်သွား၏။ မြတ်စွာဘုရား၏ သပိတ်တော်ကိုရယူရန် စောင့်စားနေကြသော သူဌေးသူကြွယ်များလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့သြမဆုံးဖြစ်နေကြ၏။

ဘုရားရှင်ကိုယ်တော်တိုင် ပေးအပ်လိုက်သည့် သပိတ်တော်ကို တန်ခိုးရှင်ဖြစ်စေကာမူ လုယူနိုင်ရိုးထုံးစံမရှိပေ။ ထို့ကြောင့် သူဌေးသူကြွယ်များသည် မဟာဒုက်ထံမှ သပိတ်တော်ကို ငွေအသပြာများပေး၍ ဝယ်ယူကြပါသည်။ မဟာဒုက်က "အကျွန်ုပ် ငွေကို အလိုမရှိပါ။ ဗုဒ္ဓမြတ်စွာကိုသာ ဆွမ်းကပ်လိုပါသည်" ဟုပြောဆိုကာ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို မိမိအိမ်သို့ပင့်ဆောင်သွားပါတော့သည်။

မြတ်စွာဘုရားရှင်သည်လည်း မဟာဒုက်၏နိမ့်လှစွာသော တဲပုတ်အိမ်လေးအတွင်းသို့ ပကတိအတိုင်းကြွတော်မူ၍ သိကြားမင်း ခင်းကျင်းပြင်ဆင်ထားသောနေရာ၌ သီတင်းသုံးတော်မူသည်။ မဟာဒုက်ကလည်း သိကြားမင်း စီမံချက်ပြုတ်ထားသော ဆွမ်းတို့ကို ဝမ်းမြောက်ဝမ်းသာဖြင့် ရိုသေကိုင်းညွတ်စွာ ဆက်ကပ်လှူဒါန်းသည်။ မြတ်စွာဘုရားရှင်သည်လည်း ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေးသုံးဆောင်တော်မူပြီးသောအခါ အနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ပြန်ကြွတော်မူသည်။

မြတ်စွာဘုရားရှင်၏ တရားတော်ကိုနာကြားပြီး မဟာဒုက်တို့ဇနီးမောင်နှံ သောတာပန်တည်သွားကြလေသည်။ မဟာဒုက်သည် မြတ်စွာဘုရားရှင်၏ သပိတ်တော်ကိုထမ်းလျက် ကျောင်းတော်သို့လိုက်ပါပို့ဆောင်ခဲ့၏။ သိကြားမင်းသည်လည်း မဟာဒုက်အား ပါရမီဖြည့်ဆည်းပေးပြီးနောက် နတ်ပြည်သို့ပြန်ရန် အိမ်မှအထွက်တွင် ခြံတံခါးဝ၌ရပ်လျက် အထက်ကောင်းကင်သို့မော့ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ရတနာခုနစ်ပါးမိုး ရွာသွန်းဖြိုးလေရာ မဟာဒုက်၏အိမ်၌ အိုးခွက်များပါမကျန် တစ်အိမ်လုံးရတနာများဖြင့် လွှမ်းမိုးပြည့်လျှံသွားပါတော့သည်။ မဟာဒုက်သည် မြတ်စွာဘုရားရှင်ကျောင်းတော်မှ ပြန်ရောက်လာပြီး မိမိအိမ်တွင်ရတနာမိုးများရွာသွန်းဖြိုးသည့်အကြောင်းသိရသောအခါ "ငါ၏ဆွမ်းအလှူသည် နေ့မကူးဘဲ ချက်ချင်းအကျိုးပေးပြီ"ဟုဆိုကာ ရှင်ဘုရင်ထံမှောက် သို့သွားရောက်၍ မိမိအိမ်မှရတနာများကို လှည်းအစီး တစ်ထောင်ဖြင့် သယ်ဆောင်တော်မူပါရန် လျှောက်တင်ပါတော့သည်။

မင်းကြီးလည်း မဟာဒုက်လျှောက်တင်သည့်အတိုင်း ရတနာခုနစ်ပါးတို့ကို လှည်းများဖြင့် သယ်ဆောင်၍ နန်းရင်ပြင်၌စုပုံထားသည်။ ထို့နောက် တိုင်းသူပြည်သားများ၏ဆန္ဒအရ မဟာဒုက်ကို ထူးခြားသောသူအဖြစ် သူဌေးရာထူးကို ပေးသနားတော်မူလိုက်သည်။ ထို့နောက် ယခင် သူဌေးကြီးတစ်ဦးနေထိုင်ခဲ့သော နေရာဟောင်း၌နေစေကာ အိုးသစ်အိမ်သစ်ဆောက်လုပ်ပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့ကို ခုနစ်ရက်ခုနစ်လီ ဆွမ်းအစရှိသော ဝတ္ထုအစုစုတို့ကို လှူဒါန်းဆက်ကပ်သည်။ ထိုဒါနကုသိုလ်အစုစုတို့ကြောင့် မဟာဒုက်သည် ဘဝအဆက်ဆက် သံသရာလည်ပြီးသည့်နောက် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ လက်ထက်တွင် ပဏ္ဍိတသာမဏေဖြစ်လာ၍ ခုနစ်နှစ်အရွယ်၌ပင် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်လာခဲ့သည်။

ဤသို့ဖြင့် မဟာဒုက်စာရေးတံဆွမ်းအလှူပွဲသည် ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်ကပင် စတင်၍ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်းနှင့် ဤဆွမ်းအလှူပွဲကိုအကြောင်းပြု၍ ဗုဒ္ဓဘာသာဝင်များသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မြန်မာနိုင်ငံအနှံ့ စာရေးတံပွဲများကို နှစ်စဉ်မပျက် ဆက်လက်ကျင်းပ ပြုလုပ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဆယ့်နှစ်ရာသီ မြန်မာ့ရိုးရာရာသီပွဲတော်များ ဦးအေးနိုင်(ဘီ-အေ)**
- **ဓမ္မပဒအဋ္ဌကထာ ပဏ္ဍိတဝတ္ထု၊ ပဏ္ဍိတသာမဏေဝတ္ထု**

# အင်းစိန်မြို့နယ်ရှိ ရွှေလက်ရာ ပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွှေလက်ရာ ပန်းချီပြခန်းတွင် ပန်းချီဆရာငါးဦး၏ ပန်းချီလက်ရာများကိုစုစည်း၍ အွန်လိုင်းပန်းချီပြပွဲ ပြသမည်ဖြစ်ကြောင်း အဆိုပါပြခန်းတာဝန်ခံ ပန်းချီ တေဇာအောင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီပြပွဲကို စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၉ ရက်ထိ အွန်လိုင်းမှ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ပန်းချီဆရာငါးဦး၏ လက်ရာစုံပန်းချီကား ၁၀၀ ကို ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည်ဖြင့် အရောင်အသွေးစုံ ပန်းချီလက်ရာများကို ပြသမည်ဖြစ်ကြောင်း သိရသည်။

"ပန်းချီဆရာငါးယောက်ရဲ့ ပန်းချီလက်ရာတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ကားဟောင်းတွေလဲပါသလို ကားသစ်တွေလဲပါပါတယ်။ အများစုကတော့ ပန်းချီဝါသနာရှင်တွေ တစ်ဦးချင်းတစ်ယောက်ချင်း ဝယ်ယူစုဆောင်းထားတဲ့ ပန်းချီကားတွေဖြစ်ပါတယ်။ ဒီပန်းချီကားတွေကို နောက်ထပ် စုဆောင်းလိုသူတွေအတွက် တစ်ဆင့်ပြန်လည်ပြသရောင်းချပေးတာဖြစ်ပါတယ်။ အွန်လိုင်းက ပြသပေးတာဖြစ်ပေမဲ့ ပန်းချီကားအားလုံးက အစစ်တွေဖြစ်ပါတယ်" ဟု ပန်းချီ တေဇာအောင်က ပြောပြသည်။

ပြပွဲတွင် ပန်းချီ ဦးမင်းဦး၊ ပန်းချီ ဦးစိုးဝင်း (ရွှေလက်ရာ)၊ ပန်းချီ မျိုးမြတ်မင်း၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီ မောင်ကျော်စိုးတို့၏ လက်ရာစုံ၊ အရောင်အသွေးစုံပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း၊ ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄× ၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ် ၁၀၀၀၀၀ မှ အများဆုံး ငွေကျပ် ၅၀၀၀၀၀ ထိ ရှိကြောင်း သိရသည်။

ASH

# Gran Turismo စတင်ရုံတင်ရက်တွင် ဝင်ငွေကန်ဒေါ်လာ ၈ ဒသမ ၅ သန်းထိရရှိ

**နယူးယောက် ဩဂုတ် ၂၈**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Gran Turismo ဇာတ်ကား စတင်ရုံတင်ခဲ့သည့် ဩဂုတ် ၂၅ ရက်တွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းထိ ရရှိထားကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ထို့ပြင် Gran Turismo ဇာတ်ကား၏ နိုင်ငံတကာဝင်ငွေမှာလည်း အမေရိကန်ဒေါ်လာ ၂၂ သန်းထိ ရှိကြောင်း သိရသည်။

Gran Turismo ဇာတ်ကားသည် ဖော်မြူလာ- ဝမ်းပြိုင်ပွဲများကို နောက်ခံထားရိုက်ကူးထားသည့် ဖြစ်ရပ်မှန် အခြေခံဇာတ်ကား တစ်ကားဖြစ်ပြီး ဒါရိုက်တာ ဘလွမ်းကမ့်က ရိုက်ကူးပေးထားကာ ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆင်ဟောနှင့် ဇက်ဘေလင်တို့က ရေးသားပေးထားကြောင်း သိရသည်။

Gran Turismo ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဟာဘာ၊ အော်လန်ဒိုဘလွန်းနှင့် အာခီမာဒီကွီတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ KKO




# တိမ်နဲ့ရေးတဲ့အရုပ် ရုပ်ရှင်ဇာတ်ကား ဩဂုတ် ၃၀ ရက်တွင် Viu Myanmar Online Media မှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် ဩဂုတ် ၂၈**

တိမ်နဲ့ရေးတဲ့အရုပ် ရုပ်ရှင်ဇာတ်ကားကို ဩဂုတ် ၃၀ ရက်တွင် Viu Myanmar Online Media မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြ၍ သိရသည်။

တိမ်နဲ့ရေးတဲ့အရုပ် ရုပ်ရှင်ဇာတ်ကားကို မီးမီးမွေးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားခြင်းဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဆူးခက်မင်း ရေးသားထားခြင်းဖြစ်ကာ ဒါရိုက်တာ သားညီက ပုံဖော်ရိုက်ကူးထားကြောင်း၊ လူငယ်ကျောင်းသားဘဝပုံစံဖော်ကျူးထားသည့် Romance Comedy ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ကျွန်တော် ဒုတိယမြောက်ကားမှာတင် ခေါင်းဆောင်မင်းသားအနေနဲ့ ရိုက်ကူးခွင့်ရတယ်။




ပေါ့ပေါ့ပါးပါးနဲ့ ကျောင်းသားဇာတ်လမ်းလေးပါ။ Comedy ကားလေးဖြစ်လို့ အခက်အခဲနည်းနည်းရှိတယ်။ ကျွန်တော့်ကို ယုံယုံကြည်ကြည်နဲ့ ပေးရိုက်တဲ့အတွက်ကော မပိုးကလဲ တွဲဖက်ရိုက်ကူးပေးတဲ့အတွက်ပါ ကျေးဇူးအများကြီးတင်ပါတယ်။ ဒီဇာတ်ကားက မနှစ်က ရိုက်ကူးထားတာမို့ အိုက်တင်ပိုင်း လိုအပ်ချက်တွေရှိရင်လဲ အကောင်းဆုံးဆက်ကြိုးစားသွားပါမယ်"ဟု သရုပ်ဆောင် ဘုန်းမင်းနေလက ပြောပြသည်။

တိမ်နဲ့ရေးတဲ့အရုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ဘုန်းမင်းနေလ၊ ပိုးမမီသာ၊ ခင်ဇာခြည်ကျော်၊ မောင်ကင်း၊ ပီယ၊ ကိုသက်၊ သက်တံ့ဝိုင်၊ Alex၊ အိမ့်ခြူးမေ စသည့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Oppenheimer ဇာတ်ကားက ဒါရိုက်တာ ခရစ္စတိုဖာဒိုလန်၏ တတိယမြောက် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်လာ

**နယူးယောက် ဩဂုတ် ၂၈**

Oppenheimer ဇာတ်ကားသည် ဒါရိုက်တာ ခရစ္စတိုဖာဒိုလန်အတွက် ပြည်တွင်းဝင်ငွေ တတိယမြောက် အကောင်းဆုံးဇာတ်ကားဖြစ်လာကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဩဂုတ် ၂၇ ရက်တွင် ရေးသားတင်ပြထားသည်။

ဩဂုတ် ၂၅ ရက်တွင် Oppenheimer ဇာတ်ကား၏ ပြည်တွင်းဝင်ငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂၉၃ ဒသမ ၂၇ သန်းထိရှိလာကြောင်း သိရသည်။

အထက်ပါဝင်ငွေပမာဏအရ Oppenheimer ဇာတ်ကားသည် Inception ဇာတ်ကားကို ကျော်လွန်၍ ဒါရိုက်တာ ခရစ္စတိုဖာဒိုလန်၏ ပြည်တွင်းဝင်ငွေ တတိယ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့သည်။

ဒါရိုက်တာ ခရစ္စတိုဖာဒိုလန် ရိုက်ကူးခဲ့သည့် ဇာတ်ကားများအနက် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ The Dark Knight (2008) ဖြစ်ပြီး ဒုတိယမြောက် ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားမှာ The Dark Knight Rises (2012) ဇာတ်ကားဖြစ်သည်။

Oppenheimer ဇာတ်ကားသည် အမေရိကန်ရူပဗေဒပညာရှင် ရောဘတ်ဂျေအိုပင်ဟိုင်းမား၏ဘဝကို ရိုက်ကူးထားသောဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO




# အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုပြသခြင်းနှင့် ကလေးများအတွက် ပုံပြောခြင်းအစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်းပြုလုပ်လျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ပန်းပဲတန်းမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တွင် မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတို ပြသခြင်းနှင့် ကလေးများအတွက် ပုံပြောခြင်းအစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ပေးလျက်ရှိကြောင်း အမျိုးသားစာကြည့်တိုက် (ရန်ကုန်)မှ သိရသည်။

မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုပြသပေးခြင်း အစီအစဉ်ကို အပတ်စဉ် စနေနေ့တိုင်း အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ပထမထပ်ရှိ Audio-Video Room တွင် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ မှ မွန်းလွဲ ၁ နာရီထိ ပြသပေးလျက်ရှိပြီး ကလေးများအတွက် ပုံပြောခြင်းအစီအစဉ်ကို စနေနေ့တိုင်း မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၁ နာရီ မိနစ် ၃၀ ထိ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"အပတ်စဉ် စနေနေ့တိုင်း မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတို ပြသပေးတဲ့အစီအစဉ်ရှိပါတယ်။ ပြသပေးနေတဲ့ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုတွေကတော့ Yangon Film School ကနေ ရိုက်ကူးထုတ်လုပ်ထားတဲ့ မှတ်တမ်းရုပ်ရှင်ဇာတ်ကားတွေဖြစ်ပြီးတော့ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)ကနေတစ်ဆင့် အများပြည်သူကြည့်ရှုလေ့လာနိုင်အောင် လှူဒါန်းထားတာဖြစ်ပါတယ်။ လာမဲ့ စက်တင်ဘာ ၂ ရက် စနေနေ့မှာလဲ ညစ်ညမ်းသောရေ မှတ်တမ်းရုပ်ရှင်ကို ပြသပေးသွားမှာဖြစ်ပါတယ်။ အပတ်စဉ် စနေနေ့တိုင်းမှာ မှတ်တမ်းရုပ်ရှင်ဇာတ်လမ်းတိုပြသပေးတဲ့အစီအစဉ်ရှိသလို ကလေးတွေအတွက် ပုံပြောပေးတဲ့အစီအစဉ်လဲ ရှိပါတယ်။ လာမဲ့ စက်တင်ဘာ ၂ ရက် စနေနေ့မှာတော့ အမည်သညာ ခေါ်စရာပုံပြင်ကို ပြောပြပေးသွားမှာဖြစ်ပါတယ်"ဟု အမျိုးသားစာကြည့်တိုက်(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီအေးက ပြောပြ၍ သိရသည်။ ASH

# Myawady trade zone handled more than US$610 million of trade value in July


The gate of Myawady border trade zone.

**Myawady August 28**

The Ministry of Commerce stated that Myawady trade zone could handle more than US$610 million worth of trade value in July.

Myanmar operates border trade camps in Tachilek, Myawady, Kawthoung, Myeik, Htikhee and Mawtaung along Myanmar-Thai border. Among them, Myawady trade zone stands second in border trade.

In July this financial year, the zone managed US$189 million worth of export and US$426 million worth of import, totally amounting to US$616.115 million.

The trade zone handled export volume worth US$185.241 million and import one worth US$418.429 million from April to July this financial year, scoring the total trade volume worth US$603.67 million.

Myanmar mostly exports maize, garment clothes, rice powder, dried chilli, fresh chilli, animal products, black bean, rubber, groundnut, fish, green gram, crab, cabbage, black sesame, dried tapioca tuber, and raw minerals to Thailand and import textile, raw plastic materials, medicines, pace and textile, construction materials, oil products, fertilizers, paper, soap and chemicals.

During the period, export of groundnut, maize and rice powder were in high demand from Thailand. Moreover, soya bean, green gram, black bean and rice bean were sold at high prices. 336

# China state media calls on British Museum to return artefacts

**Beijing August 28**

A call for the British Museum to return Chinese artefacts after the recent theft of about 2,000 items is heating up social media in the country.

The demand became the most trending topic on Weibo after an editorial in a state-run nationalist newspaper.

In the piece published on Sunday night, Global Times asked the museum to give back all Chinese cultural relics "free of charge".

The Chinese government has not commented on the issue yet.

The BBC has reached out to the British Museum for comment but is yet to hear back.

The museum has been under pressure after around 2,000 items were reported "missing, stolen or damaged" two weeks ago.

A member of staff was sacked when the news first came out. Last week, its director Hartwig Fischer also announced he would step down.

In its article, Global Times argued that the world-renowned museum has failed to take good care of "cultural property belonging to other countries".

"The huge loopholes in the management and security of cultural objects in the British Museum exposed by this scandal have led to the collapse of a long-standing and widely circulated claim that 'foreign cultural objects are better protected in the British Museum'," the editorial reads. BBC

# Number of beekeepers increases due to encouragement of government

**Nay Pyi Taw August 28**

As the government encourages development of apiculture industry and gives registration to beekeepers, number of those businesspersons is on the rise, according to the Livestock Breeding and Veterinary Department.

Myanmar produces sesame jujube, rubber and lychee honey for local consumption and export purpose.

Myanmar's honey grasps the market shares in US, Japan, South Korea, Canada and ASEAN countries. Myanmar honey fetches some US$3,000 per ton, and the country exports about 3,000 tons of honey to foreign market on a yearly basis.

The Apiculture department opens 31 State-owned beekeeping stations in 31 townships across the nation and provides techniques and quality bee queen to local keepers for development of beekeeping industry.

Moreover, the department conducts training courses on development beekeeping to ernthusiasts. The course comprises breeding of bee queen, bee workers, male bee and pollenation and honey production.

In addition, the Livestock Breeding and Veterinary Department plans to manage the genetic improvement for bee queens and imports quality bee queens abroad.


A beekeeping process in a sunflower plantation.

Currently, number of beekeepers reaches more than 820 in 2022-23 financial year, up from more than 500. In 2023-24 financial year, number of beekeepers amounted to more than 950.

Some 200,000 beehives were operated in 2022-23 financial year, compared to more than 200,000 in 2023-24 FY. So, these beehives produce 6,500 tons of honey in 2022-23. Myanmar produces some 3,500 tons of honey on a yearly basis to sell some volume to foreign markets to earn incomes. 336

# Taliban stop female Afghan students leaving country to study in Dubai

**Dubai August 28**

"After the Taliban shut universities for women, my only hope was to get a scholarship which would help me study abroad," says 20-year-old Afghan student Natkai.

Natkai's name has been changed for her own safety.

The Taliban have cracked down hard on women who oppose them.

Natkai says she kept studying even though there was little chance of her ever attending university in her homeland.

Then she was granted a scholarship to study at the University of Dubai in the United Arab Emirates (UAE) from Emirati billionaire businessman Sheikh Khalaf Ahmad Al Habtoor.

The scholarships for Afghan women were announced in December 2022 after the Taliban banned women from university.

The BBC understands a total of 100 Afghan women have been successful in gaining these scholarships. Some Afghan students living abroad have already travelled to Dubai.

On Wednesday 23 July, Natkai said goodbye to her family and set off for the airport. BBC


Taliban officials didn't allow female students who had male companions or chaperones with them to travel.

# MoE plans to sell 5 million gallons of gasoline from September to December 2023

**Nay Pyi Taw August 28**

The Ministry of Energy stated that it will sell 5 million gallons of gasoline to businesspersons from September to December this year, through open tender system.

Chemical Industries of Myanmar Petrochemical Enterprise under the Ministry of Energy will sell 5 million gallons of gasoline from September to December on a monthly basis. In so doing, 1 million gallons of gasoline will be sold in September, 2 million gallons in Octover, 1 million gallons in November and 1 million gallons in December.

The fuel will be sold on 12 September, 3 October, 24 October, 14 November and 5 December. Businesspersons may submit open tender proposals to the enterprise. For further information, dial 067-3411082 of the production department of MPE.

336

# Emphasis placed on prevention of flooding in Bagan ancient cultural region


Tasks being carried out for flood prevention in Bagan ancient cultural region.

**Bagan August 28**

As drainage facilities are being improved with the use of machinery to prevent flooding in Bagan World Heritage Site, an emphasis is being placed on not harming above and underground cultural heritage, according to the Bagan branch under the Department of Archaeology and National Museum.

The department sought advice from expert Dr Massimo Sarti from the University of Marche of Italy in improving the drains in the cultural region in pursuit of UNESCO guidelines.

Moreover, U Kyaw Myo Win, Director of the Bagan Branch of the department disclosed that they emphasize not harming above and underground cultural heritage to ease the concern of the people over improving the drainage system in Bagan ancient cultural region.

U Kyaw Myo Win said, "Being a World Heritage Site, the Bagan region catches public attention more than other ancient regions of the country. Short-term and long-term plans have been adopted to urgently respond to flooding in the Bagan region through collaborative efforts of the officials who have experience in studying emergency response to floods abroad. Moreover, the department invited an Italian expert concerning water management in ancient regions to go on the process under international guidelines. In this regard, we know that people worry about the use of machinery in improving the drainage system. World Heritage Sites are allowed to use small and medium-scale machinery in necessary measures for the sake of people from the society if the heritage impact assessment (HIA) has been conducted. Such kind of measures is not totally prohibited. So, we have to conduct several assessments over the heritages, and machinery can be used in some parts of the work process in which manpower cannot be deployed. Such work process must be mentioned in the State of Conversation-SOC report which is submitted once every two years."

Experts from the department in cooperation with the Italian expert have conducted field surveys for three years, including the Micro topographic survey, measuring ten-centimetre contour line survey for the total station, measuring of the sea level at the datum of Bagan, and conducting heritage impact assessment not to harm heritages in Bagan World Heritage Site to produce necessary maps.

The Italian expert inspected inlet and outlet drainage channels in the Bagan era in the Bagan World Heritage Site and gave suggestions on the ways to solve the flooding in the region and future preventive measures.

Currently, the Myanmar-Italy combined team is conducting research works on Wetkyee-in Creek, Ale Lake, Alan Bagan and the viewing mound and the drainage system of the emerald lake (Mya Lake) near Culamani Temple to take preventive measures against flooding in Bagan heritage site. ASH

# Township Cooperative Syndicates disburse more than K320 million to members in five townships

**Mandalay August 28**

Township Cooperative Syndicates have issued more K320 million to its member farmers in five townships of Mandalay Region for cultivation of monsoon paddy, said assistant director U Hlaing Moe of Mandalay Region Cooperative Department.

The syndicates disbursed K321.5 million to 642 member farmers from 29 cooperative societies in five townships for cultivation of 1,798 acres of monsoon paddy. From July, the syndicates have been issuing K200,000 per acre to farmers, amounting to K321.5 million.

"Syndicates gave loans to farmers from five townships. It aims to contribute to local farmers for cultivation of monsoon paddy on more sown acreage on one hand for declining the high prices of commodities. Farmers need to efficiently spend the loans in cultivation of paddy. The syndicates also disbursed loans to them this month. Its interest rate is K1. Farmers need to pay back the loans to the syndicates within six months," said the assistant director.

Syndicates from Patheingyi, PyinOoLwin, Thabeikkyin, Meiktila and NyaungU townships have disbursed loans to member farmers. 185

# Efforts made to supply safe water to people in Loikaw

**Loikaw August 28**

The Kayah State government on 25 August stated that it is making preparations for supply of drinking water to local people in Loikaw of Kayah State.

In this regard, a total of 3.76 million gallons of water from Bilu Creek will be supplied to some 100,000 local people from 26 wards via water pumping stations in Monglon, Uttarayon, DawUkhu, Narnattaw, Dawtama, Namkuk, Yayni and government water pump.

At present, a slow sand filter is under construction at Monglon water pumping staytion to supply safe water to the people.

Such construciton has spent the fund of the Kayah State government in 2023-24 financial year.

Upon completion, the slow sand filter can contribute to supply of 2.5 million more gallons of water to the people from Monglon station for some 80,000 population from 13 wards.

On 25 August, local authorties inspected progress of slow sand fiter for timely completion of the constructions. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Myanmar handicrafts, cultural products, lacquerwares displayed at ASEAN Fest 2023 in Jakarta of Indonesia


The booth showcasing Myanmar traditional handicrafts.

**Yangon August 28**

The Myanmar Embassy to Indonesia stated that Myanmar's handicrafts, cultural products and lacquerwares were put on display at the ASEAN Fest 2023 held in Jakarta of Indonesia.

The fest took for four days from 22 to 25 August at Jakarta Convention Centre in Indonesia, allowing displays of traditional handiworks of ASEAN countries and cultural products. At the fest, the Myanmar Embassy to Indonesia and Myanmar Permanent Representative Office to ASEAN showcased the aforesaid products and officials of the two offices explained salient points on Myanmar to the visitors.

The fest was organized by the Indonesian Ministry of Foreign Affairs and the Bank of Indonesia. It was recognized as a side event of the Second ASEAN Financial Ministers and Central Bank Chiefs meeting. The fest comprised traditional dances of ASEAN member states and ASEAN quiz and other games.

Moreover, the fest aimed to honour the 56th ASEAN Day celebration and the 43rd ASEAN Summit and raising the awareness of people from ASEAN countries to know culture of those countries.

Embassies of ASEAN member states displayed their traditional works, cultural products and domestic foods at the fest. ASH

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီရန်ထုတ်ဒရုန်းများကို ဥရောပနိုင်ငံများကဝယ်ယူရန် ဆန္ဒရှိနေကြောင်း အီရန်ပြောကြား




ဥရောပနိုင်ငံများသည် အီရန်ထုတ်ဒရုန်းများကိုဝယ်ယူရန် ဆန္ဒရှိနေကြောင်း ဩဂုတ် ၂၆ ရက်က အီရန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် Reza Talaee Nik က အီရန်နိုင်ငံပိုင်မီဒီယာသို့ ပြောကြားခဲ့သည်။

ယခုသီတင်းပတ် အစောပိုင်းတွင် အီရန်နိုင်ငံသည် ၎င်း၏ ပြည်တွင်း၌ ထုတ်လုပ်ထားသော နောက်ဆုံးပေါ် တိုက်ခိုက်ရေးဒရုန်းများကို ထုတ်ဖော်ပြသခဲ့သည်။

အီရန်သည် ဖောက်သည်များစွာထံမှ စုံစမ်းမေးမြန်းမှုများကို ဆန်းစစ်လေ့လာနေကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် Reza Talaee Nik က ပြောကြားခဲ့သည်ဟု Tasnim News သတင်းဌာနက ဩဂုတ် ၂၆ ရက်တွင် ဖော်ပြခဲ့သည်။

အီရန်နိုင်ငံသည် ဒရုန်းများရောင်းချပေးရန် ဆန္ဒရှိသော်လည်း ဝယ်ယူသူတိုင်းအတွက် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို အကဲဖြတ်ဆန်းစစ်ပြီး လေယာဉ်ကိုသင့်လျော်အောင် အသုံးပြု၊ မပြု စသည့်အချက်များအပေါ် သေချာသိရှိပြီးမှသာ ရောင်းချလိမ့်မည်ဖြစ်သည်ဟု Nik က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Nik သည် အလားအလာရှိသောဝယ်ယူသူများကို အမည်မဖော်ပြသော်လည်း ၎င်းတို့ထဲတွင် အနောက်နိုင်ငံနှင့် ဥရောပနိုင်ငံများစွာမပါဝင်ကြောင်း မှတ်ချက်ပေးခဲ့သည်။

အီရန်နိုင်ငံ၏ ဒရုန်းတိုးတက်ဖွံ့ဖြိုးထုတ်လုပ်ရေးအစီအစဉ်သည် မကြာသေးမီနှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပြီး အီရန်ကာကွယ်ရေးစက်မှုလုပ်ငန်းမှ ၎င်း၏နောက်ဆုံးပေါ် Mohajer-10 ဒရုန်းကို ဩဂုတ် ၂၂ ရက်က အီရန်ရှိပြပွဲတစ်ခုတွင် ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံပိုင် မီဒီယာများ၏အဆိုအရ Mohajer-10 သည် လေထဲတွင် ၂၄ နာရီကြာနေနိုင်ပြီး အမြင့် ခုနစ်ကီလိုမီတာ သို့မဟုတ် လေးမိုင်ကျော်တွင် ပျံသန်းနိုင်စွမ်းရှိသည်။ ဒရုန်းသည် အလေးချိန် ကီလိုဂရမ် ၃၀၀ (ပေါင် ၆၆၀) ရှိသော လက်နက်များကို သယ်ဆောင်နိုင်ပြီး အီရန်နိုင်ငံ၏ ယခင်ဒီဇိုင်းပုံစံတူ Mohajer-6 ဒရုန်းထက် သုံးဆပို၍ သယ်ဆောင်နိုင်စွမ်းရှိသည်။

ဒရုန်းအသစ်သည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်မှုအများဆုံး အကွာအဝေး အသွားအပြန် တစ်ခေါက် (Operational Radius) ကီလိုမီတာ ၂၀၀၀ ထိရှိကြောင်း သတင်းများအရ သိရသည်။

ဒရုန်း သို့မဟုတ် လေယာဉ်အတွက် Operational Radius ဆိုသည်မှာ အများဆုံးပျံသန်းစစ်ဆင်နိုင်သည့် အကွာအဝေးကို ဆိုလိုခြင်းဖြစ်သည်။ ယာဉ်တစ်စီးသွားလာနိုင်သည့် အမြင့်ဆုံးအကွာအဝေး၊ ၎င်း၏လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ပြီး ဆီဖြည့်စရာမလိုဘဲ မူလနေရာသို့ ပြန်လည်ရောက်ရှိနိုင်သည်။

အီရန်ထုတ် ဒရုန်းများကို ဝယ်ယူရန် ဥရောပနိုင်ငံများ၏ ဆုံးဖြတ်ချက်သည် အီရန်၏ ဒရုန်းလုပ်ငန်းကို အကျယ်တဝင့် ပိတ်ဆို့အရေးယူထားသည့် အမေရိကန်ကို ဒေါသဖြစ်စေနိုင်ဖွယ်ရှိသည်။

ထုတ်လုပ်သူများကို ဒဏ်ခတ်အရေးယူမှုများအပြင် ဥရောပထုတ် မူလအင်ဂျင်များအပါအဝင် ဒရုန်းအစိတ်အပိုင်းများကို တိတ်တဆိတ်ဝယ်ယူသည်ဟု စွပ်စွဲခံထားရသည့် အီရန်ကုမ္ပဏီများအပေါ် စီးပွားရေးပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း အမေရိကန် ဘဏ္ဍာရေးဌာန၏ မတ်လအတွင်းက သတင်းထုတ်ပြန်ခဲ့သည်။

အီရန်နိုင်ငံသည် ရုရှားနိုင်ငံသို့ Mohajer-6 နှင့် Shahed-Series Kamikaze ဒရုန်းများ ထောက်ပံ့ပေးနေသည်ဟု အမေရိကန်က စွပ်စွဲပြောကြားထားကြောင်း သိရသည်။

အီရန်နှင့်ရုရှားတို့က ထိုစွပ်စွဲချက်များကို ငြင်းဆိုထားသော်လည်း ရုရှားတပ်ဖွဲ့များသည် Shahed-Series Kamikaze ပုံစံတူဒရုန်းများကို ယခင်နှစ်နှောင်းပိုင်းကတည်းက ယူကရိန်းစစ်ဘက်နှင့် အခြေခံအဆောက်အအုံများအပေါ် ပစ်မှတ်ထားတိုက်ခိုက်ရန် အသုံးပြုခဲ့ကြသည်။

**European nations want to buy Iranian drones–Tehran ကို ဘာသာပြန်ဆိုထားပါသည်။**

## အလိုအလျောက်လုပ်ဆောင်နိုင်သည့်စနစ်များဖွံ့ဖြိုးတိုးတက်ရေးတွင် ဘရာဇီးနှင့် UAE တို့ ပူးပေါင်းဆောင်ရွက်သွားမည်

ဘရာဇီးလေတပ်နှင့် အာရပ်စော်ဘွားများပြည်ထောင်စု(UAE) ကာကွယ်ရေးလုပ်ငန်းစု EDGE Group တို့ ကာကွယ်ရေးဆိုင်ရာ ခေတ်မီဆန်းသစ်သော အလိုအလျောက်လုပ်ဆောင်နိုင်သည့်စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း www.thedefensepost.com သတင်းဌာနက ဩဂုတ် ၂၅ ရက်တွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးလေတပ်၏ အာကာသသိပ္ပံနှင့် နည်းပညာဌာနမှ ကိုယ်စားလှယ်များသည် ဘရာဇီးနိုင်ငံ အရှေ့ဘက်တွင် လက်မှတ်ရေးထိုးပွဲကို ကျင်းပခဲ့သည်။

မိတ်ဖက်အဖွဲ့အစည်းနှစ်ခုစလုံးသည် ဝေဟင်နှင့်အာကာသနယ်မြေများအတွက် မောင်းသူမဲ့ယာဉ်များ၊ တိကျပဲ့ထိန်းလက်နက်များနှင့် အခြားကာကွယ်ရေးပစ္စည်းကိရိယာများ ပူးတွဲထုတ်လုပ်သည်ကို မြင်တွေ့ရတော့မည်ဖြစ်သည်။

သဘောတူညီချက်သည် UAE နှင့် လက်တင်အမေရိကနိုင်ငံတို့တွင် ကာကွယ်ရေးစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးပေးနိုင်သည့် အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေးများ တည်ဆောက်ရေးအတွက် EDGE ကုမ္ပဏီ၏ မဟာဗျူဟာနှင့်အညီ လုပ်ဆောင်နိုင်ခြင်းဖြစ်ကာ မကြာသေးမီက Brasilia မြို့တော်တွင် တည်ရှိသော ၎င်း၏ပထမဆုံး နိုင်ငံတကာရုံးကို တည်ဆောက်နိုင်ခဲ့သည်ဟု EDGE Group ကုမ္ပဏီလုပ်ငန်းစုက ဖော်ပြခဲ့သည်။

ဖြစ်နိုင်ခြေရှိသော ပူးပေါင်းဆောင်ရွက်မှုအတွက် SIATT (Sistemas Integrados de Alto TeorTechnologico) နှင့် Turbomachine ကဲ့သို့သော ဘရာဇီးအခြေစိုက် ကာကွယ်ရေးကုမ္ပဏီများနှင့်လည်း ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း EDGE Group ကုမ္ပဏီလုပ်ငန်းစုက ဖော်ပြခဲ့သည်။

EDGE Group ကုမ္ပဏီလုပ်ငန်းစုသည် ပင်လယ်ကွေ့ဒေသကိုကျော်လွန်၍ ၎င်း၏လက်လှမ်းမီမှုကို ချဲ့ထွင်ပြီး လက်တင်အမေရိကရှိ ကာကွယ်ရေးအခွင့်အလမ်းများအတွက် စူးစမ်းလိုနေသည်။ ၎င်းသည် တာဝေးပစ်သဘော်ဖျက်နှင့် စူပါဆောနစ်ဒုံးကျည်များ ထုတ်လုပ်ရောင်းချပေးရန်အတွက် ရေတပ်အပါအဝင် ဘရာဇီးနိုင်ငံ အစိုးရအဖွဲ့အစည်းများ၊ မိတ်ဖက်များစွာတို့နှင့် သဘောတူလက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

Abu Dhabi အခြေစိုက် ကုမ္ပဏီသည် ဒုံးကျည်စနစ်အမျိုးမျိုးအတွက် တာဘိုဖန်အင်ဂျင်များနှင့် ပန်ကာများကို တီထွင်ရန်အတွက် Turbomachine ကုမ္ပဏီနှင့်လည်း ပူးပေါင်းခဲ့သည်။




EDGE Group ကုမ္ပဏီလုပ်ငန်းစုသည် ကမ္ဘာ့နိုင်ငံများရှိ စစ်ဘက်များတွင် ရည်မှန်းချက်ကြီးကြီးဖြင့် ဖွဲ့စည်းတည်ဆောက်မည့် နယ်ပယ်ဒေသတစ်ခုကို ရှာဖွေရန်ကြိုးပမ်းနေသော်လည်း ဖိအားများနှင့် စစ်ရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်သွားလိုမည့်ပုံမပေါ်ကြောင်း အရှေ့အလယ်ပိုင်း လေ့လာသုံးသပ်သူ Ryan Bohl က Breaking Defense သို့ ပြောကြားခဲ့သည်။

ယေဘုယျအားဖြင့် လက်တင်အမေရိကနိုင်ငံများသည် ထိုအမျိုးအစားထဲသို့ ရောက်ရှိနေပြီး ဘရာဇီးကဲ့သို့နိုင်ငံများသည် ပိုမိုလွတ်လပ်လာကာ ကာကွယ်ရေးမိတ်ဖက်နိုင်ငံသစ်များကို ရှာဖွေလိုသောနိုင်ငံမျိုးဖြစ်သည်ဟု Ryan Bohl က ထည့်သွင်းပြောကြားခဲ့သည်။

EDGE Group ကုမ္ပဏီလုပ်ငန်းစုသည် မကြာသေးမီက ၎င်းကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကာကွယ်ရေးနှင့် လုံခြုံရေးကုန်စည်ပြပွဲအတွင်း ၎င်း၏ နည်းဗျူဟာမြောက်ဆိုင်ရာ ထုတ်ကုန်များကို လက်တင်အမေရိကမှ ကိုယ်စားလှယ်တော်များကို ထုတ်ဖော်ပြသခဲ့သည်။

**Brazil, UAE to Collaborate on Autonomous Systems Development ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၃၅၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၇၈၂ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၁၃၅၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ မြေပဲဧက ၃၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၃၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ မိုးမြေပဲကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးမြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်သလို အထွက်နှုန်း ကောင်းမွန်လျက်ရှိပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက ဘုတလင်မြို့နယ်တွင် မြေပဲကို ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးမြေပဲ ၃၅၇၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မိုးမြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး စသည့်စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဘုတလင်မြို့နယ်တွင် ဆောင်းမြေပဲ ၁၄၉၇၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မိုင်းရယ်မြို့နယ် မန်ပန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိုင်းရယ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် မန်ပန်ကျေးရွာတွင် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံ အငယ်တန်း အင်ဂျင်နီယာ-၂ ဒေါ်ခင်ဇူလိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းကော်မတီဝင်များ၏တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

မိုင်းရယ်မြို့နယ် မန်ပန်ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေတို့အသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# သံတွဲမြို့နယ် ရေဖြူအိုင်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတွဲ ဩဂုတ် ၂၈**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ ရေဖြူအိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းသန်းဇော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၁၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ရေဖြူအိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၄ ဦးကို ငွေကျပ် ၂၁၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုမြင့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၈-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝိုယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၈၇၀၀/၈၉၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၉၀ |

**(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

**မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ် အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညို ကြသည့် ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကား လျက်ရှိမှုကို တွေ့မြင်ရစဉ်။**











**အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ပြည်သူများနှင့် ဘိုးဘွားများ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးနှင့် ကျောက်စာရုံတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာအဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက်ဝတ်ရွတ်ပူဇော်ခြင်းများကို တွေ့မြင်ရစဉ်။**

၂၁ **ရှေ့ဖုံးမှအဆက်**

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ဘိုးဘွားများအား ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များကလည်း လမ်းလျှောက်ရန် အခက်အခဲဖြစ်သည့် ဘိုးဘွားများအား အဆင်ပြေစွာဖြင့် ဘုရားဖူးမြော်ကြည်ညိုနိုင်ရန် Wheel Chair များဖြင့် လိုက်လံပို့ဆောင်ပေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ အခမဲ့လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် စက်တင်ဘာ ၃ရက်ထိ နံနက် ၆ နာရီမှ ည ၈နာရီအတွင်း ဖွင့်လှစ်ထားရှိကြောင်း သတင်းရရှိသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၈**

အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) သံရည်ကျိုမီးဖိုအမှတ်(၁) ပြန်လည်စတင်ခြင်းဖွင့်ပွဲအခမ်းအနား၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် တွေ့ဆုံသည့်အခမ်းအနား၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ BPI Pharmaceutical Museum နှင့် မြွေဆိပ်ဖြေဆေးအေးခဲခြောက်ထုတ်လုပ်ရေးစက် (Freeze Dryer Machine) စတင်သုံးစွဲသည့်အခမ်းအနားတို့တွင် ပြောကြားခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ပြန်လည်ရှင်းလင်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စက်ရုံ၊ အလုပ်ရုံများမှ စက်ရုံမှူးများ၊ စိုက်ကွင်း၊စိုက်ခြံတာဝန်ခံများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးမှူးများ၊ စက်မှုသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ပြန်လည်ရှင်းလင်းပြောကြားပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်များကို စက်မှုဝန်ကြီးဌာနအနေဖြင့် မူဝါဒအဖြစ်သတ်မှတ်၍ အမြန်ဆုံးအောင်မြင်အောင် လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)၊ အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)နှင့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံ(အင်ရောင်း)တို့တွင် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်နေသကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံများကလည်း ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် အစီအမံများဖြင့် ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုသင်တန်းကျောင်းဆင်းများဖြစ်သည့် စက်မှုကျွမ်းကျင်လုပ်သားများကို နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများတွင် ဝင်ရောက် တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေသောက်စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလို

**နေပြည်တော် ဩဂုတ် ၂၈**

သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ရေလိုအပ်ချက်ဟန်ချက်ညီပေးဝေနိုင်ရန်နှင့် ရေသောက်စနစ်များတွင် ရေလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ယင်းတော်ကန်ရေဝင်ရောက်မှုကို ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ယင်းတော်ကန်ရေထုတ်ပြွန်မှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် ချောင်းကောက်ရေလှောင်တမံ လက်ယာမြောင်းမကြီးမှ မိုးစပါးစိုက်ခင်းများကို ရေပေးဝေနေမှုနှင့် မိတ္ထီလာမြို့နယ် ကွက်ငယ်အုပ်စု ဒဟတ်တန်းကျေးရွာ ချောင်းကောက်ရေသောက်စနစ်အတွင်း စိုက်ပျိုးထားသည့် မနောသုခမိုးစပါး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပျော်ဘွယ်မြို့နယ်ရှိ ချောင်းကောက်ရေလှောင်တမံမှ ယင်းတော်ကန်သို့ ရေကူးပေးလျက်ရှိပြီး ပျော်ဘွယ်မြို့နယ် ချောင်းမကြီးရေလှောင်တမံမှတစ်ဆင့် သာစည်မြို့နယ်အတွင်းရှိ အဓိကအရေးပါသည့် အင်းကနက်ကန်နှင့် ညောင်ရမ်း-မင်းလှကန်တို့ကို ရေကူးပေးဝေလျက်ရှိသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ညောင်ရမ်းကန် အမှတ်(၄) ရေပေးမြောင်း ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်နှင့် မင်းလှကန် အမှတ်(၅) ရေပေးမြောင်းမှ စိုက်ပျိုးရေပေးဝေနေမှု၊ မင်းလှကန်ရေဝင်ရောက်မှု၊ ရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ရေအသုံးချသူများအဖွဲ့(WUG)များ၊ ဒေသခံတောင်သူများ




နှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက စိုက်ကွင်းများ ရေသွင်းရေထုတ်မှန်ကန်ရေးနှင့် ရေတင်နည်းမျိုးစုံဖြင့် စိုက်ပျိုးရေအသုံးပြုနိုင်ရေး၊ရေအလေအလွင့်မရှိစေရေး ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများနှင့် ရေအသုံးချသူများအဖွဲ့ (WUG)များ၏ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာခန်းမတွင် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# EV သုံးစွဲသူပြည်သူများ၏ လက်ဝယ်အရောက် အသိပညာများကိုပြန်လည်မျှဝေပေးရန် လိုအပ်

**ရန်ကုန် ဩဂုတ် ၂၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် စပါးခွံလောင်စာသုံး Gasifier အစည်းအဝေး၌ နိုင်ငံတော်ကချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တိုင်းပြည်ရှိ ပေါကြွယ်ဝလျက်ရှိသော ပြန်ပြည့်မြဲစွမ်းအင်ရင်းမြစ်များမှ အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စပါးခွံလောင်စာရင်းမြစ်များသည်လည်း အဓိကကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့ကို အလဟဿမဖြစ်စေဘဲ MSME လုပ်ငန်းများအတွက် ဓာတ်အားထုတ်ယူသုံးစွဲရာတွင် စနစ်တကျသုံးစွဲရန်၊ လူနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေမည့် ဒီဇိုင်းနှင့် စံချိန်စံညွှန်းများ၊ SOP များအတိုင်း တပ်ဆင်သုံးစွဲရန် ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး ဆောင်ရွက်ရမည့်လုပ်ငန်းများကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Rooftop Solar EV Charging System တပ်ဆင်နေမှု၊ EV သင်တန်းဆိုင်ရာ သင်ထောက်ကူများ ဖြည့်ဆည်းပေးနေမှုများနှင့် EV ToT သင်တန်းအမှတ်စဉ်(၄)ကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတကာစံနှုန်းများနှင့် ညီညွတ်ရန်၊ လက်တွေ့ကျပြီး Update ဖြစ်ကာ စုံလင်သောသင်ရိုးညွှန်းတမ်းများဖြစ်ရန်နှင့် သင်တန်းသားများကို ဌာနများ၊ လုပ်ငန်းခွင်များတွင် ဆင့်ပွားဖြန့်ဖြူးရန်နှင့် EV သုံးစွဲသူပြည်သူများ၏ လက်ဝယ်အရောက် အသိပညာများကို ပြန်လည်မျှဝေပေးရန်လိုအပ်ကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)သို့ ရောက်ရှိပြီး စာကြည့်တိုက်နှင့် အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများနှင့်တွေ့ဆုံ၍ MSME စက်မှုကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးမည့်နည်းပညာရှင်၊ ကျွမ်းကျင်ပညာရှင်များဖြစ်စေရေး သင်ယူလေ့ကျင့်ဆောင်ရွက်ရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော ကျင့်ဝတ်နှင့်စည်းကမ်းကို လေးစားလိုက်နာသောလူငယ်များဖြစ်စေရေး ဆောင်ရွက်ရန်နှင့် စာပေများကိုဖတ်ရှုလေ့လာရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး



**မန္တလေး ဩဂုတ် ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အမှတ်(၁၇) အခြေခံပညာ အထက်တန်းကျောင်းခွဲရှိ ပေ ၁၄၀ + ပေ ၃၀ RCC သုံးထပ်စာသင်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူတို့က ပညာရေးဝန်ကြီးဌာန၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်နေသည့် RCC သုံးထပ်စာသင်ကျောင်းဆောင်ပြီးစီးမှု အခြေအနေနှင့် အဆောက်အအုံနှင့်ကပ်လျက်ရှိ မြေထိန်းနံရံအခြေအနေတို့ကို လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံများဆောက်လုပ်ရာတွင် ပတ်ဝန်းကျင်မြေအခြေအနေကို ကြိုတင်ထည့်သွင်းစဉ်းစားထားရန် လိုပါကြောင်း၊ မိုးရွာသွန်းမှုများချိန်တွင် အဆောက်အအုံနှင့်ကပ်လျက်ရှိ မြေပြိုကျမှု မရှိစေရေး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ကွင်းဆင်းပုံထုတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထို့အတွက် လိုအပ်သည့်တွက်ချက်မှုများဆောင်ရွက်ရန် တာဝန်ရှိသူများကိုမှာကြားပြီး ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ယူနေမှု၊ကျောင်းသားကျောင်းသူများကို အာဟာရဖြည့်စွက်စာကြက်သားကြာဆံဟင်း တိုက်ကျွေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဝင်းနိုင် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို Mask များ အခမဲ့ပေးဝေသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ အမှတ်(၁၇) အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ၍ ဝန်ကြီးချုပ်ကအမှာစကားပြောကြားပြီး ကျောင်းအုပ်နှင့် ဆရာ၊ ဆရာမများ၊ကျောင်းအကျိုးဆောင်များက ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်ရောက်မှုနှင့် ပညာသင်ကြားပေးနေမှု၊ ကျောင်းအတွက် စုဝေးခန်းမ၊ အားကစားကွင်းပြင်ဆင်ရန်နှင့် ကိုယ်လက်လှုပ်ရှားအားကစားပစ္စည်းများအတွက်တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများဖြစ်သည့်လက်သန့်ဆေးရည် ဘူး ၁၀၀၊ Mask အခု ၂၅၀၀၀၊ ကာဘော်လစ်ဆပ်ပြာခဲ ၂၅၀ တို့ကို မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးထံသို့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

သွားနှင့်ခံတွင်းဆရာဝန်များကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့သည်။ ထို့ပြင် ၎င်းတို့တာဝန်ကျရာ ပြည်သူ့ဆေးရုံကြီးများတွင် အလားတူ ခွဲစိတ်ကုသမှုများ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း ကျန်းမာရေးဝန်ကြီးဌာနရှိ ပြည်သူ့ဆေးရုံကြီးများတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသပေးလျက်ရှိရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် လူနာ ၂၂ ဦး၊ နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံတွင် လူနာ ၇၂ ဦးတို့ကို ခွဲစိတ်ပေးခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ်အတွင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီလမှ ဩဂုတ်လထိ နှုတ်ခမ်းကွဲလူနာ ၆၃ ဦးနှင့် အာခေါင်ကွဲလူနာ ၃၈ ဦးကိုလည်းကောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လထိ နှုတ်ခမ်းကွဲလူနာ ကိုးဦးနှင့် အာခေါင်ကွဲလူနာ လေးဦးကိုလည်းကောင်း၊ မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဇန်နဝါရီလမှ ဩဂုတ်လထိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၈၂ ဦးကိုလည်းကောင်း ခွဲစိတ်ပေးခဲ့ကြောင်းနှင့် မကြာမီ လှိုင်လင်မြို့ ပြည်သူ့ဆေးရုံကြီး၊ ရွှေဘိုမြို့ ပြည်သူ့ဆေးရုံကြီးနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးတို့တွင် ခွဲစိတ်ကုသမှုဆောင်ရွက်ရန် တိုးချဲ့စီစဉ်လျက်ရှိသဖြင့် ခွဲစိတ်ကုသမှု ဆောင်ရွက်လိုသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့ပြင် အထက်ဖော်ပြပါ ပြည်သူ့ဆေးရုံကြီးများရှိ သွားနှင့်ခံတွင်း ပြင်ပလူနာဌာနများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများလှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြမြဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“PDFအမည်ခံ အကြမ်းဖက်သမားများရဲ့ လူသတ်၊ မားပြတိုက်ရာမှ ကိုယ်ဝန်ဆောင်မိခင်ကိုပါ သတ်ဖြတ်မိပြီး လက်လွန်ကာမှ ဖုံးမရတဲ့ဖြစ်ရပ်”** ခေါင်းစဉ်ဖြင့် ၃၀-၈-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မန္တလေး–ရန်ကုန် ခရီးစဉ် ပြေးဆွဲနေသော မြန်မာ့မီးရထားကုန်တင်ရထားကို အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဒေသတွင်း စိုက်ပျိုး၊မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၈**

ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏စားသောက်ရေးကိုအထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့်တာဝန်ရှိသူများက ရသေ့တောင်တပ်နယ်ရှိ နယ်မြေခံတပ်ရင်းများ၌ ဆောင်ရွက်ထားရှိသည့် ဥစားကြက်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ ဥစားဘဲမွေးမြူရေးခြံနှင့် ရာသီသီးနှံစိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ရသေ့တောင် တပ်နယ်ရှိ နယ်မြေခံ တပ်ရင်းများ၌ DYL ဝက် မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

# မုံရွာမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် တာဝန်ရှိသူများက အဆိုပါမြို့နယ်ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် ကျိုင်းတုံမြို့ ခရိုင်အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၁၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ခြောက်သင်းဖြင့် ဩဂုတ် ၃၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းပိုက်ကျော်ခြင်းပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်ကစားစဉ်။

# ဩဂုတ် ၂၈ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ခြောက်ဦးတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၈**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၇ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၄၄၃၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦးတွေ့ရှိရသည်။

ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့်သေဆုံးသူမရှိပါ။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ဆီ၊ဆား၊ကြက်ဥ၊ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဩဂုတ် ၂၈**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤



မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်ကစားစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

**နေပြည်တော် ဩဂုတ် ၂၈**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၃ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် စက်တင်ဘာ ၁ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

# မန်တုံမြို့နယ် လွယ်ကန်ကျေးရွာတွင် ကျေးလက်ရေရရှိရေး ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုကို ကွင်းဆင်းစစ်ဆေး

**မန်တုံ ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် လွယ်ကန်ကျေးရွာ ဂါလန် ၅၀၀၀ ဆံ့ရေစုကန်တည်ဆောက်နေမှုများကို ယနေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မန်တုံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၉၉၄ သန်းဖြင့် ဆောင်ရွက်သည့် မန်တုံ(ပ)ကျေးရွာအုပ်စု လွယ်ကန်ကျေးရွာတွင် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး တာဝန်ရှိသူများကိုမှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မန်တုံမြို့နယ် လွယ်ကန်ကျေးရွာကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် ဂါလန် ၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေပိုက်လိုင်းအရှည်သုံးမိုင်သွယ်တန်းခြင်း၊ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လဒုတိယပတ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင်လုပ်ငန်းများ ၅၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မန်တုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် “Ommar Than” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့ အောင်မေတ္တာ(ယ)ရပ်ကွက်နေ ဥမ္မာသန်းကို မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ “bobocobar 12” Tiktok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာနေ ဘိုဘိုဇော်ကို မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မိုးခေါင်မှုကြောင့် ပနားမားတူးမြောင်းတွင် ရေပမာဏကျဆင်းကာ ဖြတ်သန်းသွားလာခွင့်ပိတ်ပင်



**ပနားမားစီးတီး ဩဂုတ် ၂၈**

ပနားမားနိုင်ငံတွင် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် ပနားမားတူးမြောင်းတွင် ရေပမာဏကျဆင်းကာ ပနားမားတူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်ကို ပိတ်ပင်လိုက်ကြောင်း ပနားမားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု Hurriyet News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပနားမား တူးမြောင်းအတွင်း ပြေးဆွဲနေသည့် ရေကြောင်းပို့ဆောင်ရေး သင်္ဘောများသည် ရေပမာဏကျဆင်းမှုကြောင့် ခရီးမဆက်နိုင်သည့် သင်္ဘောများရှိနေသကဲ့သို့ ရေပမာမြင့်တက်လာမှသာ ဆက်လက်ခရီးဆက်နိုင်တော့မည့်အခြေအနေဖြစ်ကြောင်း၊ ပနားမားတူးမြောင်းအတွင်း ရေပမာဏကျဆင်းမှုကြောင့် သင်္ဘောများပိတ်မိနေသည့်အတွက် ပနားမားတူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်ကို တစ်နှစ်တိတိ ပိတ်ပင်လိုက်ပြီဖြစ်ကြောင်းလည်း ပနားမားအစိုးရက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်တဲ့ပြဿနာကြောင့် ပနားမားတူးမြောင်းအတွင်း ရေပမာဏ သိသိသာသာကျဆင်းလာတယ်။ တူးမြောင်းအတွင်းမှာ သင်္ဘောတချို့လဲ ပိတ်မိနေတယ်။ သင်္ဘောတွေဖြတ်သန်းသွားလာနိုင်တဲ့ ရေပမာဏမဟုတ်တဲ့အတွက်ကြောင့် ပနားမားတူးမြောင်းအတွင်း ဖြတ်သန်းသွားလာခွင့်ကို တစ်နှစ်တိတိ ပိတ်ပင်လိုက်ပါတယ်"ဟု ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ပနားမားတူးမြောင်းကိုတစ်နှစ်တိတိ ပိတ်ပင်ထားသော်လည်း ရေပမာဏမြင့်တက်လာမှုအခြေအနေပေါ်မူတည်၍ ပနားမားတူးမြောင်းကို ဖြတ်သန်းသွားလာခွင့်ပြုသွားမည်ဖြစ်သည်။

ပနားမားတူးမြောင်းသည် ရေလမ်းပို့ဆောင်ရေးအတွက် အရေးပါသည့် တူးမြောင်းဖြစ်သကဲ့သို့ ကုန်သွယ်ရေးအတွက်လည်း အရေးပါသည့်တူးမြောင်းဖြစ်သည်။

လာမည့် သုံးလတာကာလအတွင်း မိုးဆက်တိုက်ရွာသွန်းမှုဖြစ်ပေါ်လာခဲ့ပါက ပနားမားတူးမြောင်းကို ပြန်လည်အသုံးပြုခွင့်ပြုသွားမည်ဖြစ်သည့်အတွက် ပိတ်ပင်ထားသည့် ကာလအတွင်းသင်္ဘောများ ဖြတ်သန်း သွားလာခြင်းမပြုရန်လည်း ပနားမားအစိုးရက တင်းကြပ်ကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်းဆက်**

# ဂန်ဒါဆင်းဟ်ဝါလာဒေသတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရ

**အစ္စလာမ်မာဘတ် ဩဂုတ် ၂၈**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဂန်ဒါဆင်းဟ်ဝါလာဒေသ၌ ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ပန်ဂျပ်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း Tribune သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဆက်လီမြစ်ရေ လျှံတက်မှုကြောင့် ရေကြီးရေလျှံမှုအခြေအနေပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်ပြီး ဂန်ဒါဆင်းဟ်ဝါလာဒေသအပြင် အစ္စလမ်ဟက်ဝေါ့ဒေသတွင်လည်း ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသည်။

ရေကြီးရေလျှံမှုပမာဏသည် လာမည့် ၂၄ နာရီအတွင်း အခြေအနေ ပိုမိုဆိုးရွားလာဖွယ်ရှိနေပြီး အင်ဒက်မြစ်ရေ လျှံတက်မှုလည်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် အင်ဒက်မြစ်ကြောင်းတစ်လျှောက် ရေကြီးရေလျှံမှု ပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

ကုန်းနိမ့်ပိုင်း ဒေသများဖြစ်သည့် တောင်ဆာဒေသ၊ ချက်ရှ်မာဒေသနှင့် ဂတ်ဒူဒေသတို့တွင်လည်း ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ပန်ဂျပ်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ဆက်လီမြစ်ရေ လျှံတက်မှုကြောင့် ဂန်ဒါဆင်းဟ်ဝါလာဒေသမှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရပါတယ်။ ရေကြီးရေလျှံမှုဟာ အစ္စလမ်ဟက်ဝေါ့ဒေသမှာလဲ ဖြစ်ပေါ်နေတယ်။ လာမဲ့ရက်ပိုင်းအတွင်း ရေဘေးအန္တရာယ်ပိုမိုဆိုးရွားလာဖွယ်ရှိနေပါတယ်။ မိုးရွာသွန်းနေဆဲ ဖြစ်တဲ့အတွက် အင်ဒက်မြစ်ရေလျှံတက်မှုလဲ ဖြစ်ပေါ်လာနိုင်တယ်။ အင်ဒက်မြစ်ရေလျှံတက်မှု ဖြစ်ပေါ်လာရင်တော့ ကုန်းနိမ့်ပိုင်း ဒေသတွေဖြစ်တဲ့ တောင်ဆာဒေသ၊ ချက်ရှ်မာဒေသနဲ့ ဂတ်ဒူဒေသတို့မှာလဲ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ပန်ဂျပ်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**



# အိုင်ဒါလီယာဟာရီကိန်းမုန်တိုင်း ဖလော်ရီဒါပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိ

**ဝါရှင်တန် ဩဂုတ် ၂၈**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် လာမည့်ရက်ပိုင်းအတွင်း အိုင်ဒါလီယာဟာရီကိန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသစင်တာက ထုတ်ပြန်ခဲ့ကြောင်း AccuaWeather သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အိုင်ဒါလီယာ ဟာရီကိန်းမုန်တိုင်းဝင်ရောက်လာပါက လေတိုက်နှုန်းလည်း ပြင်းထန်ဖွယ်ရှိနေပြီး မုန်တိုင်းအစပျိုးချိန်ပြင်းအားမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြင့် တိုက်ခတ်ဖွယ်ရှိနေပြီး မုန်တိုင်းသည် ဖလော်ရီဒါကမ်းခြေတွင် တိုက်ခတ်ပြီး နာရီပိုင်းအကြာတွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းထိ မြင့်တက်လာဖွယ်ရှိနေသည်။

"အိုင်ဒါလီယာ ဟာရီကိန်းမုန်တိုင်းဟာ မက္ကဆီကိုနိုင်ငံအနီးမှာတိုက်ခတ်နေပြီးတော့ လာမဲ့ရက်ပိုင်းအတွင်း ဖလော်ရီဒါပြည်နယ်ဖလော်ရီဒါကမ်းခြေကို ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပါတယ်။ မုန်တိုင်းနဲ့အတူ လေတိုက်နှုန်းဟာ တစ်နာရီကို မိုင် ၆၀ နှုန်းနဲ့ တိုက်ခတ်လာဖွယ်ရှိနေပြီး ဖလော်ရီဒါပြည်နယ်အရောက်မှာတော့ လေတိုက်နှုန်းဟာ တစ်နာရီကို မိုင် ၁၁၀ နှုန်းထိ မြင့်တက်သွားနိုင်ပါတယ်"ဟု အမေရိကန် အမျိုးသားဟာရီကိန်းစင်တာက ထုတ်ပြန်ခဲ့သည်။

မုန်တိုင်းသည် ဖလော်ရီဒါကမ်းခြေသို့ ဝင်ရောက်တိုက်ခတ်ပြီးပါက ကျူးဘားနိုင်ငံသို့ ဦးတည်တိုက်ခတ်သွားဖွယ်ရှိနေပြီး လက်ရှိမက္ကဆီကိုနိုင်ငံအနီးတွင် တိုက်ခတ်လျက်ရှိကြောင်း၊ အဆိုပါမုန်တိုင်းသည် လက်ရှိယူကာတန်တူးမြောင်းဖြင့် ၁၄၅ မိုင်အကွာသို့ ရောက်ရှိနေပြီး ယခုရက်သတ္တပတ်အတွင်း ဖလော်ရီဒါပြည်နယ် နယ်နိမိတ်အတွင်းသို့ ရောက်ရှိလာဖွယ်ရှိနေကြောင်း သိရသည်။

"မုန်တိုင်း သတိပေးချက်အရ မုန်တိုင်းဝင်ရောက်ရာလမ်းကြောင်းတစ်လျှောက်မှာ လျှပ်စစ်မီးပြတ်တောက်နိုင်ဖွယ် ရှိနေတဲ့အတွက် လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါမယ်"ဟု ဖလော်ရီဒါအရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းကလည်း သတိပေးချက် ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မီးခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။





၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊မြေ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။

## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ


၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



# 0w Kv d @

**မယ်လေးခင်(မနောမြေ)**




(၁)

"ပဲပြုတ် ပူပူလေးရမယ်"

အော်သာအော်လိုက်မိသည် တကယ်တမ်းထွက်လာသည့် ငယ့်အသံသည် လည်ချောင်းဝတွင်တစ်ဆို့လျက်။ ရှက်ရွံ့ခြင်းကြောင့် ငယ့်ပါးပြင်တစ်ခုလုံး ပူထူလာပြီး နေရခက်လာမိသည်။

"အားတင်းထား"

ကိုယ့်ကိုယ်ကိုယ်ပြန်အားပေးရင်း ဒုတိယအကြိမ်ထပ်အော်လိုက်သည်။

"ပဲပြုတ်ပူပူလေးရမယ်"

"အန်တီ သားကို ပဲပြုတ်ငါးရာဖိုး"

ငယ့်အတွက် ပထမဦးဆုံးဖောက်သည်ရပြီမို့ ပျော်သွားမိသည်။ မထင်မှတ်အောင်ရောင်းလိုက်ရသည်မို့ အားတက်သွားမိသည်။ ရေစုန်ကို စုန်ဆင်းခဲ့ပြီးပြီမို့ ရေဆန်ကို ရသည့်လှော်တက်နှင့် လှော်ကြည့်ရပေမည်။ ဘယ်သူမပြုမိမိမှုသာ။

(၂)

"အိမ်ရိပ်ကိုနင်းစရာမလိုတော့ဘူးငယ်။ နင်ဟာ ငါတို့တွေရဲ့ညီမ မဟုတ်တော့ဘူး"

အမေ့ကိုများတွေ့ရမလားစိတ်နှင့် ငယ် အမေထိုင်နေကျနေရာကို လှမ်းကြည့်လိုက်မိသည်။ အမေရော ငယ့်ကိုမမြင်ချင်လောက်အောင် မုန်းနေပြီထင်သည်။ တီ. . . ဆိုင်ကယ်ဟွန်းသံပေးရင်း အိမ်ဝင်းထဲဝင်လာသည့်ကိုကြီးသည် ငယ့်ကိုမြင်လိုက်သည်နှင့် အကြည့်လွှဲသွားလေသည်။

"ကိုကြီး"

အားကိုးတကြီးခေါ်လိုက်မိသည့် ငယ့်အသံသည် အေးစက်တင်းမာလွန်းသည့် ကိုကြီးအကြည့်အောက်တွင် ဆွံ့အကုန်တော့သည်။ လာခဲ့သည့်အခက်အခဲများအတွက် မိသားစုသည် ငယ့်အတွက်အားကိုးရာကောက်ရိုးတစ်မျှင်ပင်။

"ဟဲ့ထွက်သွားတော့လေ"

အစ်မကြီးအသံကြောင့် ငယ်ဘာလုပ်ရမည်မသိတော့။ တကယ်ပဲ ငယ်ထွက်သွားရမလား။ အိမ်တွင်ကျန်ခဲ့သည့် ကလေးနှစ်ယောက်ကို သတိရမိတော့ ငယ့်မာနတို့ကို ခဝါချရတော့မည်ပင်။

"ပြန်ဆိုလဲ ပြန်ပါ့မယ်မမကြီးရယ်။ ငယ်စားစရာမရှိတော့လို့ ဆန်လေးနည်းနည်းနဲ့ အသုံးစရိတ်လေးပေးပါနော်။ ငယ်ထိုင်ရှိခိုးဆိုလဲ ငယ် ထိုင်ရှိခိုးပါ့မယ်"

ရှိုက်ကြီးတငင်ငိုရင်းပြောနေသည့် ငယ့်အသံကြောင့် မမေသည် မနေနိုင်တော့သည့်နှယ် အပြင်ထွက်လာလေသည်။ မမေ့လက်ထဲတွင်တော့ ပိုက်ဆံတချို့ကိုင်လျက်။

"ဒီလိုတွေမလုပ်နေနဲ့တော့ငယ် ကလေးတွေလဲ သနားသင့်ပြီ"

မမေ၏စိတ်ဆိုးသံလည်းမဟုတ်၊ အေးစက်တင်းမာသည့်အသံကြောင့် မမေ့မျက်နှာကို ငယ်မော့မကြည့်ရဲ။ မမေကတော့ ငယ့်ကိုပိုက်ဆံပေးဖို့ မမကြီးကိုတစ်ဆင့်ပေးခိုင်းလိုက်ပြီး အိပ်ခန်းထဲပြန်ဝင်သွားတော့သည်။

"ဒီငွေက စားဖို့အပြင် အလုပ်လုပ်ဖို့အရင်းအနှီးတစ်ခုထိလုပ်လို့ရတယ်ငယ်။ နင်အဖို့မဟုတ်တော့ဘူး ကလေးတွေကိုပြန်ကြည့်"

ပြောပြောဆိုဆိုပေးလာသည့် ပိုက်ဆံကိုလှမ်းယူရင်း မမကြီးတို့အိမ်ဝင်းမှ ထွက်ခဲ့လိုက်သည်။ ငယ့်ကိုအစ်ကိုကြီးရော၊ အမေရော ထွက်ပင်မကြည့်တော့။ ငယ်ဆိုးခဲ့သည့်အမှားများက မိသားစုအတွက် သိက္ခာကျစရာများပင်ဖြစ်ခဲ့သည်။

(၃)

"ကလေးက သိပ်လှတာပဲ"

ငယ့်ပုံတင်ပြီးပြီးချင်း ချက်ဘောက်မှဝင်လာသည့်စာကြောင့်သဘောကျစွာပြုံးလိုက်မိသည်။ တစ်ယောက်တည်းပုံသာတင်တတ်သည့်ငယ့်ကို ကလေးနှစ်ယောက်အမေမှန်းပင်မသိကြ။

"မေ့အပြုံးတွေမှာ ကျွန်တော်ပြိုလဲပြီ"

တဒေါင်ဒေါင်နှင့်ဝင်လာသည့်စာများကြား ငယ်ပျော်မွေ့နေမိသည်က ထမင်းမေ့၊ ဟင်းမေ့ပင်။

"မေမေ သားတို့ဗိုက်ဆာတယ်"

"နင်တို့လဲ အားအားရှိအစားပဲစားနေ"

ပဲကြမ်းကိုဆီဆမ်းပေးရင်း ထမင်းနှင့်နယ်စားခိုင်းလိုက်သည်။ ယောကျ်ားပြန်လာချိန်နီးပြီမို့ လမ်းထိပ်ကဒေါ်အေးမိဆိုင်တွင် ငါးဟင်းနှင့် ငါးပိရည်ကျိုပြေးဝယ်ထားရမည်။ ဆိုင်ကဟင်းဝယ်လျှင် မကြိုက်တတ်သည်မို့ ယောကျ်ားဖြစ်သူ ကိုဖြိုးပြန်မလာမီ ကြိုဝယ်ထားရမည်။ မနက်ကတည်းက ထမင်းတစ်လုံး တည်ပြီးယောကျ်ားသွားသည်နှင့် ရေချိုးပြီးအလှပြင်။ ပို့စ်အမျိုးမျိုးပေးကာ ရိုက်ပြီးသမျှဓာတ်ပုံများထဲမှ အလှဆုံးပုံများတင်ရင်း တစ်နေကုန်လိုင်းပေါ်တွင် အချိန်ဖြုန်းနေမိသည်။ ယောကျ်ားရှာသမျှ အဝတ်များချုပ်ကာ ငယ်သာအလှဆုံးထင်လာမိသည်။ သားနှစ်ယောက်ကိုတော့ ငယ်သတိရမိသည့်နေ့များဆိုလျှင် ရေချိုးခိုင်းပြီး သနပ်ခါးများလိမ်းခိုင်းထားလိုက်သည်။

"ငယ် ဖုန်းသိပ်မသုံးနဲ့။ ကလေးတွေလဲ ပိန်လှီနေပြီ ဂရုစိုက်စေချင်တယ်"

ယောကျ်ားဖြစ်သူစကားကြောင့် ငယ်ခေါင်းညိတ်ရင်း ဟုတ်ကဲ့ဟုပြန်ဖြေလိုက်သည်။

"ဒီလကုန်ရင် အစ်ကိုတို့အလုပ်က တစ်နှစ်လုံးတစ်ရက်မှမပျက်တဲ့သူကို မုန့်ဖိုးသုံးသိန်းပေးမယ်တဲ့။ ယောကျ်ားရမှာကျိန်းသေတယ်ငယ်"

"ယောကျ်ားဘာလုပ်မယ်စိတ်ကူးလဲ"

ငယ့်အမေးကို ယောကျ်ားဖြစ်သူသည် အတော်လေးစဉ်းစားသွားဟန်ပင်။

"ငယ်ကြိုက်တာဝယ်ပါ။ ယောကျ်ားဘာမှမလိုအပ်ဘူး။ ဒါပေမဲ့ ဖုန်းတော့မသုံးစေချင်ဘူးငယ်။ ယောကျ်ားစိတ်မချဘူး"

တစ်နေ့တစ်နေ့ ဖုန်းမသုံးရန်သာပြောနေသည့် ယောကျ်ားဖြစ်သူ၏စကားကြောင့် ငယ်စိတ်ပျက်လာမိသည်။

"အိပ်ရအောင်လေငယ်"

စကားပြောရင်း အိပ်ပျော်သွားသည့် ယောကျ်ားဖြစ်သူကိုတစ်ချက်ကြည့်ရင်း ငယ့်အာရုံတို့သည် ဖုန်းဆီသို့သာ ပြန်ရောက်နေမိသည်။

"မမ မောင်လွမ်းနေပြီ။ လိုင်းတက်တာနောက်ကျလွန်းတယ်"

ချက်ဘောက်ကဝင်လာသည့် စာများကြောင့် ညစ်ညူးနေသည့်စိတ်တို့ ပြေပျောက်သွားကာ ငယ်သဘောကျစွာပြုံးလိုက်မိသည်။ အိမ်ကယောကျ်ားဖြစ်သူကတော့ ငယ့်ကို လှတယ်၊ ချောတယ် တစ်ခါမျှပင်မပြော။ အိမ်ကယောကျ်ားနှင့်များကွာပါ့။ သည်လိုကြည်နူးစရာညများသည် ငယ်အိမ်ထောင်မကျခင်ကသာရခဲ့လျှင် သည်ယောကျ်ားကို ငယ်ယူမိမည်မဟုတ်ပေ။

သူဌေးမွေးနေ့မို့ အလုပ်ချိန်အစောဆင်းပေးခါမှ မိုးကရွာချလာသည်။ အလုပ်စောစောဆင်းတော့ မိသားစုအပြင်ထွက်ပြီး မုန့်စားကြမည် စိတ်ကူးအတွေးတို့ကို သဘောတကျပြုံးလိုက်မိသည်။ တစ်နှစ်လုံးရက်မှန်ကြေးအပြင် မဲနှိုက်၍ ငါးသောင်းပါပေါက်တော့ ပျော်လိုက်သည့်ဖြစ်ခြင်း။ ငယ်လိုချင်သည့် မောင်းကွင်းလက်စွပ်လေးလုပ်ပေးမည်။ အဆက်မပြတ် ရွာသွန်းနေသည့်မိုးတို့ကြောင့် ကိုဖြိုး ဆိုင်ကယ်အရှိန်ကိုလျှော့လိုက်သည်။ အိမ်ရှေ့လမ်းပေါ်၌ ကလေးများ မိုးရေထဲတွင် ဆော့ကစားလျက်။ အနားနီးမှ ကိုယ့်သားနှစ်ယောက်ပါ ပါနေသည်ကို တွေ့လိုက်ရသည်။

"ဟိတ်ကောင်တွေ"

သားတို့သည် အဖေလုပ်သူကိုတွေ့သည်နှင့် အိမ်ဝင်းထဲဝင်ပြေးတော့သည်။ အိမ်ရှေ့တံစက်မြိတ်မိုးလွတ်ရာနေရာတွင် ဆိုင်ကယ်ရပ်လိုက်ရင်း ကလေးများ ကို ရေချိုးရန်ပြင်ပေးလိုက်သည်။

"ကြည့်စမ်း နှုတ်ခမ်းတွေကပြာပြီး တစ်ကိုယ်လုံးလဲအေးစက်နေတာ။ မိုးရေကို ဒီလောက်အကြာကြီးချိုးနေရလား"

ကလေးများကို မြန်မြန်ဆန်ဆန်ရေချိုးပေးရင်း ငယ့်ကိုအော်ခေါ်လိုက်မိသည်။

"ငယ်ရေ"

ထူးသံမကြားရသည်မို့ ငယ်အိပ်နေလားအတွေးနှင့် အိပ်ခန်းဘက်လျှောက်ခဲ့လိုက်သည်။

အိပ်ရာပေါ် ဖုန်းကြည့်မပျက်သည့်ငယ့်ကို တွေ့လိုက်ရတော့ ဒေါသထွက်သွားမိသည်။

"ငယ် ကလေးတွေမိုးရေထဲထွက်ဆော့နေတာ မင်းမသိဘူးလား။ ပေးစမ်းဖုန်း"

စိတ်တိုတိုနှင့် ငယ့်လက်ထဲကဖုန်းကိုလုယူလိုက်သည်။ အသားအနာခံပြီး မြန်မလွှတ်ပေးသည့်ငယ့်ကို ဆောင့်တွန်းလိုက်သည်။ ငယ်ကတော့ အရိုက်ခံရတာထက် ဖုန်းကျကွဲမှာစိုးရိမ်နေသည့်ဟန်။ အလုပ်တွင်ဖုန်းကိုင်ရန်အချိန်မရှိသောကြောင့် ကိုဖြိုး ဖုန်းကိုင်ဖို့စိတ်မကူးခဲ့။ အလုပ်နှင့် မိသားစုကိစ္စသာစိတ်ဝင်စားသည့်ကိုဖြိုးအတွက် ဖုန်းဆိုတာ သူနှင့်မအပ်စပ်သလိုခံစားရသည်မို့ ဖုန်းဝယ်မည် တစ်ခါမှပင်စိတ်မကူး။

"မင်းကိုပေးမဲ့ပိုက်ဆံတွေ ငါဖုန်းဝယ်လိုက်မှာ"

ငယ်သည် ဖုန်းဝယ်ဖို့တားမည်ထင်ခဲ့သည်။ တကယ်တမ်းဖုန်းဝယ်မည်ဆိုတော့ ငယ်ကပါ ကြည်ကြည်ဖြူဖြူပင်။ သည်လိုနှင့်ဖုန်းတစ်လုံးဝယ်ဖြစ်သည်။ ငယ်သင်ပေးသမျှ အကုန်လိုက်လုပ်ရင်း ကိုဖြိုးဖုန်းသုံးတတ်လာပြီဖြစ်သည်။

(၄)

"ကိုဖြိုး မင်းမိန်းမကို ဖုန်းသိပ်မပေးသုံးနဲ့။ မင်းလဲဖုန်းသုံးရင် မင်းမိန်းမဘာလုပ်နေလဲသတိထားကြည့်။ အခုတစ်လော ငါတို့ရပ်ကွက်မှာ လင်ရှိမိန်းမက ကလေးတွေပစ်ပြီး နောက်ထပ်ယောကျ်ားတစ်ယောက်နဲ့လိုက်ပြေးတာဖြစ်ကုန်ပြီ။ ဖုန်းဆိုတာ ယူတတ်ရင် ဗဟုသုတဟင်းအိုး။ မယူတတ်ရင်တော့ နတ်ဆိုးပဲ"

သူငယ်ချင်းသန့်ဇင်ပြောမှ ယခုရက်ပိုင်း ညဦးနက်မှအိပ်သည့်ငယ့်ကို သတိထားမိလာသည်။ ကိုဖြိုး တစ်ရေးနိုးလာသည့်တိုင် ငယ်မအိပ်သေး။ တစ်ခါတလေ တစ်ရေးနိုးလာသည့်ညများဆိုလျှင် အနားတွင်ငယ်မရှိ။

အိမ်သာဘက်မှ စကားပြောသံလိုလိုကြားနေရသော်လည်း ပင်ပန်းလွန်းလှသောကြောင့် အိပ်ရာမှထမကြည့်ဖြစ်ခဲ့သည်ကများသည်။ ကိုသန့်ဇင်ပြောမှ မှုမမှန်သည့် ငယ့်အကြောင်းများ သတိရလာမိသည်။ သည်ညတော့ ငယ့်အခြေအနေ ကိုယ်တိုင်သိအောင်လုပ်ရမည်ပင်။ ပင်ပင်ပန်းပန်းမျက်နှာမညိုးအောင် ကိုယ်တိုင်ရှာကျွေးပါလျက် အိမ်ထောင်ရေးဖောက်ပြန်မှုမျိုးရှိလာခဲ့လျှင် ခွင့်မလွှတ်နိုင်ပေ။

"သားတွေ ထမင်းကျွေးပြီးပြီလား။ ငယ် ကလေးတွေဂရုစိုက်နော်"

ငယ်သည် အင်းမလှုပ်၊ အဲမလှုပ်။ ငယ့်ကို အချိန်ပြည့်လွှမ်းမိုးထားသည်က ဖုန်းပင်။ သန့်စင်ခန်းသွားလျှင်ပင် ဖုန်းအမြဲပါသည်။ ငယ့်ကိုချစ်စိတ်ကြောင့် အရာရာအလိုလိုက်ခဲ့သည်က သူ့အမှားပင်။

"ကိုဖြိုးရေ ထပါအုံး။ ကိုဖြိုး"

ခေါ်သံသည် သူ့အနီးအနားကလိုပင်။

"အဖေ"

"အဖေ"


သားနှစ်ယောက်ပုံစံက တစ်ခုခုကို ပူပင်စိုးရိမ်နေသလို အိမ်ရှေ့တွင်တွေ့လိုက်ရသည်က လမ်းထိပ်ကရင်ရင်ပင်။

စာမျက်နှာ ၂၅ သို့ ➤

# တက္ကသိုလ်ဆရာတစ်ဦး

ဇော်လေး





**နိဒါန်း**

တစ်သက်တာစာပေဆု၊ အမျိုးသားစာပေဆုကြီး ချီးမြှင့်ဂုဏ်ပြုခံရတဲ့ စာရေးဆရာကြီးတစ်ဦး လွန်ခဲ့တဲ့ အချိန် အနှစ် ၂၀၊ ၂၀၁၃ ခုနှစ်မှာ ရေးခဲ့ဖူးတဲ့ဆောင်းပါး တစ်ပုဒ်ကို ယနေ့ဖတ်နေမိပါတယ်။ **"ကျောင်းသားလူငယ်တွေနှင့် အခြားဆောင်းပါးများ"**ဆိုတဲ့ စာမျက်နှာ ၁၆၇ မျက်နှာပါ စာအုပ်လေးမှာဆောင်းပါး များ စုစည်းမှု (၃)အဖြစ် ပြန်လည်ထုတ်ဝေလို့ ဖတ်ခွင့်ရပါတယ်။

အစအဆုံး ကူးယူဖော်ပြရင် ရှည်ဝေးမှာစိုးလို့ လိုရင်းရောက်တဲ့ ဝါကျ၊ စာပိုဒ်အချို့ကိုပဲ မူရင်းအတိုင်း ကောက်နုတ်ဖော်ပြပါရစေ။ အောက်ပါအတိုင်း-

**ဇာကိုယ်**

"ငါက တက္ကသိုလ်ပြင်ပရောက်နေပြီဖြစ်လို့ တက္ကသိုလ်ကျောင်းသားတွေနဲ့ ထိတွေ့ဆက်ဆံမှု မရှိသလောက်ဖြစ်သွားပါပြီ။

အဲဒါနဲ့ သူတို့ကို မေးမြန်းစူးစမ်းကြည့်မိတယ်။ တခြားမဟုတ်ပါဘူး။ "မင်းတို့ဒီကနေ့ ကျောင်းသားတွေကို စာသင်ရတာကောင်းရဲ့လား"ဆိုတာမျိုးတွေပေါ့။

"တစ်စက်မှ စာသင်လို့ မကောင်းဘူးဆရာ။ ဆရာကြီး သိတဲ့အတိုင်း တပည့်ဆိုတာ ပညာလိုချင်တဲ့ တပည့်မျိုးဖြစ်မှ ပညာသင်လို့ကောင်းတာကိုးဆရာရဲ့။ အခုတော့ဖြင့် ပညာလိုချင်လို့ ကျောင်းလာတက်တဲ့ တပည့်က မရှိသလောက်ပါပဲ။"

"စာမေးပွဲအောင်ဖို့အတွက် ရည်မှန်းချက်နဲ့ ကျောင်းတက်ကြတာ၊ ပညာတတ်ချင်လို့လာတာမှ မဟုတ်ဘဲကိုး ဆရာကြီးရဲ့။ ပညာတတ်ဖို့ ပဓာနမထားတဲ့ ကျောင်းသားတွေကို ပညာသင်ပေးနေရတာ အလွန်စိတ်ပျက်ဖို့ကောင်းတဲ့ ကျောင်းဆရာဘဝပါပဲ ဆရာကြီးရဲ့" အဲဒီလိုပဲ ဖြေကြလေ့ရှိတယ်။

"ကိုယ်သင်စရာရှိရင် သင်လိုက်တာပဲ။ သူတို့ဘာသာသူတို့ မှတ်ချင်မှတ် မမှတ်ချင်နေ ကိုယ့်တာဝန်ကျေအောင် သင်လိုက်တာပဲ၊ တက္ကသိုလ် ကျောင်းဆရာမဘဝကို ကြိုက်လှတယ်လို့ မဟုတ်ပါဘူး။ ပျော်တယ်ရယ်လည်း မဟုတ်ပါဘူး။ အေးအေးဆေးဆေး လခလေးမှန်မှန်ရနေတဲ့လုပ်ငန်းလို့ပဲ သဘောထားရတော့တာပဲ ဆရာကြီးရဲ့"လို့ ရိုးရိုးသားသား ဖြေကြရှာတယ်။

ငါ့စိတ်ထင်ပြောရရင်တော့ ဆရာတွေ ကိုယ်တိုင်ကလည်း ပညာကို စိတ်ဝင်စားမှု မရှိသလောက်ဖြစ်ကုန်ပြီ။ ကိုယ်လေ့လာသင်ကြားပေးနေရတဲ့ ပညာရပ်ကို စိတ်ဝင်စားမှု နည်းပါးကုန်ကြပြီ။ သူတို့ဟာ ကျောင်းဆရာ၊ ဆရာမ မဟုတ်ကြတော့ဘူး။ သာမန်စာရေးစာချီအဆင့်လောက်ကို လျှောကျသွားပြီလို့ ထင်လာခဲ့မိတာ အတော်လေးကြာခဲ့ပါပြီ။

ဒီအကြောင်းတွေကို ဘာကြောင့် စာတစ်စောင်၊ ပေတစ်ဖွဲ့လုပ်ပြီး ရေးနေရသလဲလို့ မေးရင် လူငယ်တွေအတွက် အသက်သွေးကြောတမျှ အရေးကြီးတဲ့ ကဏ္ဍကြီးတစ်ရပ် ပျက်စီးယိုယွင်းနေတာ မင်းတို့လူငယ်တွေကိုယ်တိုင် သတိထားမိစေချင်လို့"

ဆရာအောင်သင်း၊ ၂၇-၉-၂၀၂၃

အထက်ပါစာမျက်နှာကတော့ "ကျောင်းသားလူငယ်တွေ (၁)"ဆိုတဲ့ ဆောင်းပါးကို အဓိကကျတဲ့ စာကြောင်းအချို့သာ ကောက်နုတ်ဖော်ပြခြင်းပါပဲ။ အဲဒီ စာအုပ်ပါးပါးလေးထဲမှာ အဲသလို ဆောင်းပါးပေါင်း ၂၁ ပုဒ်ပါဝင်တယ်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှာ ပထမအကြိမ် တန်ဖိုးငွေကျပ် ၂၅၀၀ နဲ့ ထုတ်ဝေခဲ့ပါတယ်။ ကြိုက်တယ်၊ မကြိုက်ဘူး၊ ကောင်းတယ်၊ မကောင်းဘူး၊ သင့်တယ်၊ မသင့်ဘူး စသည်ဖြင့် စာရေးသူက ဘာမှ ဝေဖန်ခြင်းမပြုလိုဘူး။ စာဖတ်သူ အသေးစိတ်ဆက်သိချင်ရင် အဲဒီစာအုပ်လေးကို ရှာဖတ်စေလိုတယ်။

ဘာတွေပါသလဲ နည်းနည်းလေး ဆက်ဖော်ပြပေးပါအုံးဆိုရင်တော့ မိမိသဘောအရ ကောက်နုတ်ကူးယူပြသင့်တယ် ယူဆတာအချို့ အောက်ပါအတိုင်းပါပဲ။ (မှတ်ရလွယ်ကူရှင်းလင်းအောင် အမှတ်စဉ်ထိုးပြပါရစေ)

၁။ "ပညာဆိုတာ ကျောင်းတက်နေမှ မဟုတ်ဘူး။ ပေါ်ပေါက်လာမယ့် အလုပ်ရုံ၊ စက်ရုံကြီးတွေမှာ အနိမ့်ပိုင်းက လုပ်ငန်းတာဝန်ကို ထမ်းဆောင်ရစေအုံးတော့ ကျောင်းသားကောင်းတစ်ယောက်လို တပည့်ခံပြီး ပညာဆည်းပူးရမယ်။ တပည့်မဖြစ်ဘဲ ဘယ်တော့မှ ဆရာမဖြစ်နိုင်ဘူး။"

၂။ "လုပ်ငန်းပိုင်းဆိုင်ရာမှာ ကျွမ်းကျင်တဲ့ အရာရှိတစ်ယောက်ကိုတွေ့ရင် ဆရာကောင်းတစ်ယောက်ကို တွေ့ပြီပဲလို့ ဝမ်းသာအားရ တပည့်ခံပါ။ သူ့ကို ဆရာသမားတစ်ယောက်လို ရိုရိုသေသေဆက်ဆံပါ။"

၃။ "အီလက်ထရွန်နစ်ပစ္စည်းတွေကလည်း ဝင်လာကြလိမ့်မယ်။ အဲဒီပစ္စည်းတွေကို အသုံးပြုတတ်အောင် မင်းတို့သင်ယူလေ့လာကြရလိမ့်မယ်။ အခုဆို ခွာနဲ့လယ်မထွန်ဘူး။ စက်နဲ့ ထွန်နေကြပြီ။ ကောက်ရိတ်၊ စပါးနယ်ဆိုတာတွေကိုလည်း စက်နဲ့လုပ်လာကြပြီ။ ကျေးလက်လူငယ်တွေကိုယ်တိုင်က အဲဒီစက်ယန္တရားတွေကို အသုံးပြုတတ်လာအောင် သင်လာကြလိမ့်မယ်။"

"ဒီနေ့ မင်းတို့လို ကျောင်းသားလူငယ်တွေရဲ့ အလုပ်ကတော့ ပြောင်းလဲတိုးတက်လာသမျှသော ပညာရပ်တွေရဲ့ အခြေခံရင်းမြစ်တွေကို တီးမိခေါက်မိအောင်၊ နားလည်နိုင်အောင် ကြိုးပမ်းဆည်းပူးကြရတော့မယ်။"

၄။ "မင်းတို့အခြေခံအားဖြင့်တော့ စာဖတ်အားကို အရှိန်မြှင့်ပေးရတော့မယ်။ ဆိုလိုတာက ပညာဆည်းပူးမှုကို အဆများစွာတိုးပြီး ကြိုးပမ်းရလိမ့်မယ်။"

"သူငယ်ချင်းတွေနဲ့ ပြောဆိုတိုင်ပင်ပြီး ပညာရပ်လေ့လာနိုင်တဲ့ ဝက်ဘ်ဆိုက်တွေကို ရှာဖွေဆည်းပူးကြပါ။ မြန်မာလိုသာမက အင်္ဂလိပ်လိုပါ တီးမိခေါက်မိ ဖတ်နိုင်မှတ်နိုင်တဲ့ လူငယ်တွေအဖို့မှာတော့ ပိုပြီး အခွင့်အလမ်းကောင်းတာပေါ့။ အခက်ကြီးတော့ မဟုတ်လှပါဘူး။ အင်္ဂလိပ်-မြန်မာ ကျောင်းသုံးအဘိဓာန်လေးတစ်အုပ်လောက်ဆောင်ထားပြီး ကြိုးစားပမ်းစားဖတ်သွားရင် တစ်စတစ်စ ဖတ်တတ်တဲ့ အချိန်ကို ရောက်လာနိုင်တယ်။" အင်္ဂလိပ်-မြန်မာ အဘိဓာန်ကို ကိုယ်ပိုင်ဖုန်းထဲမှာ အလွယ်တကူ ထည့်ယူထားပြီး အချိန်မရွေး သုံးလို့ရနိုင်နေပါပြီ။ တိုးပွားအောင် ကျက်မှတ်ဖို့သာ လိုပါတယ်။ အသံထွက်အမှန်လည်းပါပါတယ်။ စာရေးသူမှ (စကားချပ်တင်ပြခြင်းပါ။)

၅။ "အရေးကြီးတာကတော့ ပြင်းပြထက်သန်တဲ့ တက်ချင်သိချင်စိတ်က အရှိန်တပြင်းပြင်း၊ အလျှံတဝင်းဝင်း မီးတောက်သလို ဆန္ဒမီးတောက်ကြီးနေဖို့ လိုအပ်ပါတယ်။"

၆။ "မင်းတို့စဉ်းစားကြည့်လေ ပညာသင်တယ်ဆိုတာ ဘာလုပ်ဖို့သင်တာလဲ။ ပညာတတ်ဖို့မဟုတ်လား။ ပညာသင်ပြီး ပညာကို မတတ်ခဲ့ရင် ဘာမှအဓိပ္ပာယ်မရှိတော့ဘူးမဟုတ်လား။ အဲဒီအချိန်တွေဟာ မင်းတို့ရဲ့ အဖိုးတန်လှတဲ့ "အရွယ်"တွေ ကုန်ဆုံးသွားရတယ်ဆိုတာကို မေ့နေကြတယ်။ အဲဒါတွေဟာ အရွယ်ကောင်းတဲ့ လူငယ်တွေရဲ့ ခွန်အားကို ဆုံးရှုံးနေခြင်းပဲ။ ဘယ်သူက ဆုံးရှုံးသလဲဆိုတော့ နိုင်ငံတော်က ဆုံးရှုံးနေတာ။ လူ့အဖွဲ့အစည်းကြီးက ဆုံးရှုံးနေတာဖြစ်တယ်။"

၇။ "ကျွန်တော်တို့၏ ဗုဒ္ဓမြတ်စွာဘုရားသခင် အလုံးစုံကို သိသောဉာဏ်အလင်း (သဗ္ဗညုတဉာဏ်)ကို ရလိုက်သောအခါ ပထမဆုံး ဥဒါန်းကျူးလိုက်သည်မှာ "အလုံးစုံသောဖြစ်ရပ်တို့တွင် အကြောင်းရင်းရှိကုန်၏။"

"ယေ ဓမ္မာ ဟေတုပ္ပ ဘဝါ"ဟူ၍ ဖြစ်ပါသည်။

"ဤသို့လျှင် အကြောင်းကို ရှာတတ်ခြင်း၊ အကျိုးတရားကို မှန်းဆတတ်ခြင်း၊ တစ်နည်းအားဖြင့်ဆိုလျှင် အကြောင်းနှင့်အကျိုး၊ အကျိုးနှင့်အကြောင်းကို ဆက်စပ်တွေးခေါ်တတ်ခြင်းကိုပင် "ပညာ"ဟု ဆိုရပါတော့မည်။"

❖ သူငယ်ချင်းတွေနဲ့ ပြောဆိုတိုင်ပင်ပြီး ပညာရပ် လေ့လာနိုင်တဲ့ ဝက်ဘ်ဆိုက်တွေကို ရှာဖွေဆည်းပူးကြပါ။ မြန်မာလိုသာမက အင်္ဂလိပ်လိုပါ တီးမိခေါက်မိ ဖတ်နိုင်မှတ်နိုင်တဲ့ လူငယ်တွေအဖို့မှာတော့ ပိုပြီး အခွင့်အလမ်းကောင်းတာပေါ့။ အခက်ကြီးတော့ မဟုတ်လှပါဘူး။ အင်္ဂလိပ်-မြန်မာ ကျောင်းသုံးအဘိဓာန်လေးတစ်အုပ်လောက်ဆောင်ထားပြီး ကြိုးစားပမ်းစားဖတ်သွားရင် တစ်စတစ်စ ဖတ်တတ်တဲ့အချိန်ကို ရောက်လာနိုင်တယ်။ အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ကိုယ်ပိုင်ဖုန်းထဲမှာ အလွယ်တကူ ထည့်ယူထားပြီး အချိန်မရွေး သုံးလို့ရနိုင်နေပါပြီ။ တိုးပွားအောင် ကျက်မှတ်ဖို့သာ လိုပါတယ်။ ❖

၈။ "ဟယ် တဏှာယောက်ျား လက်သမား၊ သင်သည် ခန္ဓာအိမ်အသစ်တစ်ဖန် ဆောက်ခွင့်မရှိတော့ပြီ"ဟု မြတ်စွာဘုရားက ကြွေးကြော်တော်မူခဲ့ပါသည်။ ထိုဖော်ပြချက်ကို အထပ်ထပ်တွေ့ရသောအခါ ကျွန်တော့်စိတ်ထဲတွင် အကျိုးကိုတွေ့လျှင် အကြောင်းရင်းကို ရှာတတ်ခြင်း၊ အကြောင်းတရားကိုတွေ့လျှင် အကျိုးတရားကို ကြံဆမျှော်မှန်းတတ်ခြင်းသည်ပင်လျှင် "ပညာ"ဖြစ်သည်ဟု ကျွန်တော်ယူဆလာမိပါတော့သည်။

၉။ "တချို့ တယ်လီဖုန်းတွေဆိုရင် အရွယ်ကလည်း ကြီးတော့ စာအုပ်စာတမ်းတွေတောင်ထည့်ပြီး ဖတ်လို့ရတယ်ပြောတာပဲ။ တကယ်လိုချင်တဲ့၊ တကယ်ဆည်းပူးချင်တဲ့ ကျောင်းသားကတော့ 'မှတ်ဖွယ်မှတ်ရာ ထိုထိုစာကို ရှုကာမပြတ်' ဖုန်းတွင်ဖတ်ကြရမှာပဲ။"

"မင်းတို့လည်း တကယ်ဝါသနာပါတဲ့ ပညာရပ်ကို ရွေး။ တယ်လီဖုန်းလေးနဲ့ဖတ်။"

နိဂုံးမချုပ်ခင် အထက်ပါအတိုင်း စာပိုဒ် ကိုးပုဒ်၊ ၁၀ ပုဒ်လောက်နဲ့ စာအုပ်တစ်အုပ် အနှစ်ချုပ်ကောက်နုတ်ချက်သဘော၊ ကြော်ငြာလိုဖြစ်သွားရင်လည်း နားလည်ပေးပါ။ ဆရာကြီး အောင်သင်း (၁၉၂၇-၂၀၁၄) ဆိုတာက စာပေလောက ၂၀ ရာစုအတွင်း အရေးအသားကောင်း၊ အဟောအပြောကောင်း၊ နေပမာ၊ လပမာထင်ရှားတဲ့ ပုဂ္ဂိုလ်ပါ။ ကြီးမားတဲ့ ဂုဏ်ထူးဝိသေသတွေ အထူးမပြောလိုပါ။ စာပေကျေးဇူးတရားတွေကို ဒီလိုဆောင်းပါးတစ်ပုဒ်နဲ့ မပြည့်စုံနိုင်ပါဘူး။ သို့ရာတွင် စာရေးသူ မချီးကျူးဘဲ မနေနိုင်တဲ့အချက် ငါးခုကိုတော့ စာဖတ်သူ သိပြီးသားပဲဖြစ်ပါစေ၊ ဖော်ပြချင်ပါတယ်။

၁။ "စာပေလူကြမ်းမင်းသား"လို့ အခေါ်ခံရအောင် သဘင်မဂ္ဂဇင်းမှာ ဝတ္ထုတိုဝေဖန်ရေးတွေ ရေးခဲ့တဲ့ကျေးဇူး၊

၂။ ကာရန်မဲ့ ကဗျာနဲ့ပတ်သက်ပြီး ခြေခြေမြစ်မြစ် အထောက်အထား အကိုးအကားနဲ့ အကျိုးအကြောင်းကို ရေးသားထုတ်ဖော်ခြင်းကျေးဇူး၊

၃။ စကားပြေအစား စကားပြောသလို ရေးဖို့ ပြောင်းလဲရေးကို အကျိုးအကြောင်းနဲ့ တားဆီးကန့်ကွက်ခဲ့ခြင်းကျေးဇူး၊

၄။ ၁၉၅၀-၁၉၆၀ ကာလဆီလောက်မှာ သူ့ကို ဆရာကြီး ဦးသိန်းဖေမြင့်က သခင်သန်းထွန်းဟာ ဘယ်သောအခါမှ နိုင်ငံတော်ကို စီမံအုပ်ချုပ်နိုင်ခွင့်ရနိုင်စွမ်းမရှိကြောင်း (နှစ်ဦးချင်း) ထုတ်ဖော်ပြောဖူးကြောင်း၊ ယုံယုံကြည်ကြည်မြတ်မြတ်သားသား၊ နိုင်ငံရေးအမြော်အမြင်ကြီးပုံကို ဆရာအောင်သင်းက ရေးပြခဲ့ခြင်းကျေးဇူး၊

၅။ အသက် ၂၀-၃၀ လူငယ်များကို ပညာကြိုးစားချင်အောင်၊ စာပေလေ့လာဆည်းပူးမှုကို အချိန်ရသမျှ အလေးထားလုပ်ဆောင်ချင်အောင် အလေးအနက် အာရုံစိုက်ပြီး ရေးသားဟောပြောခဲ့တဲ့ ကျေးဇူးတရားများ။

(လူသားတစ်ဦးအနေနဲ့ အားသာချက်၊ အားနည်းချက်ကတော့ အနည်းဖြစ်စေ၊အများဖြစ်စေရှိပေမှာပေါ့။)

**နိဂုံး**

စာပေကျေးဇူးတကယ်ကြီးမားလို့ ၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်က "အမျိုးသားစာပေဆု၊ တစ်သက်တာစာပေဆု" ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းမဟုတ်ပါလား။ ကလျာဏမိတ္တသမ္ပဒါ။ ဆရာသမားကောင်းတွေနဲ့ ပေါင်းဆုံနိုင်ကြပါစေ။

# မြန်မာ့ကော်ဖီစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကော်ဖီဇုန် သုံးဇုန်ခွဲ၍ ကော်ဖီဧက သုံးသိန်း စိုက်ပျိုးရန်စီစဉ်



**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာ့ကော်ဖီ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကော်ဖီဇုန် သုံးဇုန်ခွဲ၍ ကော်ဖီစိုက်ဧက သုံးသိန်းထိ စိုက်ပျိုးသွားရန် စီစဉ်နေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကော်ဖီ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချနေသည့် နိုင်ငံပေါင်း ၇၅ နိုင်ငံတွင်ပါဝင်ပြီး နိုင်ငံတကာကော်ဖီဈေးကွက်တွင် အနံ့အရသာနှင့် အရည်အသွေးပိုင်း၌ မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိနေသည့် ကော်ဖီများသည် ကမ္ဘာ့ထိပ်တန်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ သို့သော် လက်ရှိတွင် မြန်မာနိုင်ငံ၌ ကော်ဖီစိုက်ပျိုးဧက ၄၉၀၀၀ ကျော်သာရှိနေပြီး အဆိုပါကော်ဖီစိုက်ပျိုးဧကမှာ မြန်မာနိုင်ငံမှ ကော်ဖီစိုက်ပျိုးနိုင်သည့် မြေဧရိယာ၏ ၆၀ ရာခိုင်နှုန်းခန့်သာ ရှိနေကြောင်း သိရသည်။

ထို့ကြောင့် မြန်မာ့ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကော်ဖီပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကော်ဖီလုပ်ငန်းလုပ်ကိုင်လိုသူများကိုဖိတ်ခေါ်ကာ အစီအစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ကော်ဖီဇုန်သုံးဇုန်ခွဲ၍ ကော်ဖီဧက သုံးသိန်းထိ တိုးချဲ့စိုက်ပျိုးသွားရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့အတူ ကော်ဖီလုပ်ငန်းများအပေါ် ဝန်ဆောင်မှုပေးမည့်အခြေအနေများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ အခြောက်ခံလုပ်ဆောင်မှု၊ ကုန်ချောထုတ်လုပ်မှု၊ စက်ကိရိယာအသုံးချမှု စသည့်လုပ်ငန်းစဉ်တစ်လျှောက် ကော်ဖီလုပ်ငန်းနည်းပညာဆိုင်ရာ မွမ်းမံသင်တန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်း နာမည်ကျော်မည့် ကော်ဖီအမှတ်တံဆိပ်မျိုး ဖြစ်လာစေရေး ပျိုးထောင်မှုများကိုလည်း ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများကို ရှမ်းပြည်နယ်တွင် ဧက ၂၇၀၀၀ ဖြင့် အများဆုံး၊ ကရင်ပြည်နယ်တွင် ၁၀၀၂၉ ဧကဖြင့် ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီးတွင် ဧက ၅၀၀၀ ကျော်ဖြင့် တတိယအများဆုံး စိုက်ပျိုးနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သတင်းများအရ သိရသည်။

SKL

# ပေါက်ခေါင်းမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဖန်းချိုကျေးရွာအုပ်စု လေးကြိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် Green House တည်ဆောက်နေမှုကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ပေါက်ခေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းနှင့် ဝန်ထမ်းများက လေးကြိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၆ သန်းဖြင့် ဆောင်ရွက်သည့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Green House တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ လေးကြိုးကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ခင်မြဝင်းထံမှ သိရသည်။ **သုတ**

# ပခုက္ကူမြို့နယ် အောင်သာကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**ပခုက္ကူ ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် ဘဲကြီးကျေးရွာအုပ်စု အောင်သာကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းရန်ပုံငွေကျပ် ၃၃ ဒသမ ၁၉ သန်းကို စီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ကြီးကြပ်မှုဖြင့် အောင်သာကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးနှင့် အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးတို့ကို ငွေကျပ် ၃၃ ဒသမ ၁၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်သာကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါ စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများသည် တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ထွန်းက ပြောပြ၍ သိရသည်။

**အထွေး**

# ကျုံပျော်မြို့နယ်၌ ယခုနှစ်တွင် စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးပြီးစီး

**ကျုံပျော် ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧကလျာထားစိုက်ပျိုးခဲ့ပြီး မေလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယခုအခါရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနအပြင် ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့တယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူတွေနဲ့တွေ့ဆုံပြီး အသိပညာပေး ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေက ဒီနှစ် မိုးသီးနှံကို ပန်းဂေါ်ဖီနဲ့ ဆလတ်ရွက်အများဆုံး စိုက်ပျိုးကြပါတယ်"ဟု ကျုံပျော်မြို့နယ် ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၃၀၀၃ ဧကတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံပင်၊ မုန်လာ၊ ခရမ်း၊ သင်္ဘော၊ ကန်စွန်း၊ ကြက်ဟင်းခါး၊ ပဲပုစွန်း၊ သခွား၊ တိုင်ထောင်ပဲ စသည့် သီးနှံများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**



ယခင်နှစ်က သခွားစိုက်ခင်းကို တွေ့ရစဉ်။

# မိုးမိတ်မြို့နယ် ကြိမ်တောကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဩဂုတ် ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပသင်ကျေးရွာအုပ်စု ကြိမ်တောကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ကြိမ်တောကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေးပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြိမ်တောကျေးရွာ၌ အလျား ၅၆ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၉ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း ငွေကျပ် ၂၀ ဒသမ ၄ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကြိမ်တောကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မိုးမိတ်ခရိုင် ဦးစီးမှူး ဦးမျိုးဇော်ထွန်းထံမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

တိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပြည်တော်ပြန်ဝန်ကြီးချုပ်ဟောင်းနှင့် ထိုင်းနိုင်ငံရေးအလားအလာ

ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ပြည်ပတွင် ၁၅ နှစ်ကြာ နေထိုင်ခဲ့ပြီးနောက် ဩဂုတ် ၂၂ ရက်တွင် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ထိုနေ့၌ပင် ၎င်းနှင့်ဆက်နွယ်မှုရှိသော ဖွေ့ထိုင်းပါတီ (PTP)သည် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းသွားရန် စီစဉ်ထားရှိသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ကိုယ်ပိုင်ဂျက်လေယာဉ်ဖြင့် စင်ကာပူမှတစ်ဆင့် ဗန်ကောက်သို့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရောက်ရှိခဲ့ကြောင်း AP သတင်းဌာနက ဖော်ပြခဲ့သည်။ လေယာဉ်ဆိုက်ရောက်ပြီးနောက် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် သမီးဖြစ်သူ ပေတွန်တရန်ရှင်နာဝပ်ထရာနှင့်အတူ လေဆိပ်အဆောက်အအုံအတွင်းမှ လမ်းလျှောက်ထွက်လာခဲ့သည်။ သမီးဖြစ်သူသည် ဖွေ့ထိုင်းပါတီ(PTP)ကို ဦးဆောင်ပြီး မေလရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ၎င်းကိုထောက်ခံသည့် ရှပ်နီဝတ်ဆင်ထားသောလူအုပ်ကြီးကို နှုတ်ဆက်ခဲ့သည်။ ၎င်းကိုထောက်ခံသူတချို့သည် ဩဂုတ် ၂၁ ရက် ညပိုင်းကတည်းကပင် လေဆိပ်အပြင်ဘက်၌ ရောက်ရှိစခန်းချနေခြင်းဖြစ်သည်ဟုဆိုသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် လမ်းလျှောက်ထွက်လာပြီးနောက် လေဆိပ်အဆောက်အအုံဝင်ပေါက်ရှေ့ရှိ ထိုင်းဘုရင်နှင့်မိဖုရားတို့၏ ရုပ်တုရှေ့မှောက်၌ ပန်းခွေထားကာ ဂါရဝပြုခဲ့ကြောင်း AP သတင်းဌာနက ဖော်ပြထားသည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာက ၎င်းအနေဖြင့် ထိုင်းပြည်သူများနှင့်အတူရှိနေရန် အချိန်တန်ပြီဖြစ်ကြောင်း ဩဂုတ် ၂၂ရက် နံနက်ပိုင်းတွင် ထိုင်းနိုင်ငံသို့မထွက်ခွာမီ စင်ကာပူ Seletar လေဆိပ်၌ Nikkei Asia သို့ ပြောကြားသွားခဲ့သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ရွေးကောက်ပွဲ၌ နှစ်ကြိမ်အနိုင်ရရှိခဲ့သည်။ ထို့နောက် အဂတိလိုက်စားမှုဖြင့် အကျဉ်းချမည့် ပြစ်ဒဏ်ကိုရှောင်ရှားရန် ၂၀၀၈ ခုနှစ်တွင် ထိုင်းနိုင်ငံမှထွက်ခွာခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာက ၎င်းအပေါ် စွဲချက်တင်ပြစ်ဒဏ်ချမှတ်မှုများသည် နိုင်ငံရေးအရလုပ်ဆောင်ခြင်းဖြစ်သည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ထိုအချိန်မှစ၍ ၎င်းသည် ထိုင်းနိုင်ငံသို့ပြန်လာမည်ဖြစ်ကြောင်း အကြိမ်ကြိမ်ကတိပြုပြောကြားခဲ့သည်။

အသက် ၇၄ နှစ်အရွယ် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် ၎င်းအား ထောက်ခံသူများကို နှုတ်ဆက်ပြီး မရှေးမနှောင်းမှာပင် ရဲတပ်ဖွဲ့၏ ထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ ရိုက်တာသတင်းဌာန၏ အဆိုအရ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာကို အကျဉ်းထောင်သို့ လွှဲပြောင်းပို့ဆောင်မှုမပြုလုပ်မီ ကြားနာစစ်ဆေးမှုခံယူရန်အတွက် တရားရုံးချုပ်သို့ တိုက်ရိုက်ခေါ်ဆောင်သွားမည်ဟုဆိုသည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောနေ့သည် ထိုင်းလွှတ်တော်က PTP ပါတီမှ ဆရီသာသာဗီဆင်ကို တိုင်းပြည်၏ဝန်ကြီးချုပ်အဖြစ် အတည်ပြုခန့်အပ်သည့်နေ့နှင့် တိုက်ဆိုင်လျက်ရှိသည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာက ထိုင်းနိုင်ငံသို့ ၎င်းပြန်လာမည်ဆုံးဖြတ်ချက်နှင့် လွှတ်တော်၌ မဲပေးမှုတို့သည် ဆက်နွယ်သက်ဆိုင်မှုမရှိကြောင်း အစောပိုင်းကပြောဆိုခဲ့သည်။ အမှန်တွင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ပြည်တော်ပြန်ရန်ဆုံးဖြတ်ချက်သည် ၂၀၂၃ ခုနှစ် မေလ ရွေးကောက်ပွဲကတည်းက ထိုင်းနိုင်ငံရေးလောကတွင် ရပ်တည်ချက်ပြောင်းလဲမှုဖြစ်ပေါ်လာသည့်အတွက် သာဖြစ်နိုင်ပြီး PTP ပါတီအတွက် မူပြောင်းလဲမှု လုံးလုံးလျားလျားဖော်ဆောင်ပြီး ထင်ရှားသော ရွေးချယ်မှုပင်ဖြစ်သည်။

မေ ၁၄ ရက်ရွေးကောက်ပွဲ၌ ရှေ့သို့လှမ်းချီပါတီ (MFP)သည် လွှတ်တော်အမတ်နေရာ ၅၀၀ အနက် နေရာ ၁၅၀ တွင် အနိုင်ရရှိခဲ့ပြီး PTP ပါတီသည် အမတ်နေရာ ၁၄၁ နေရာအနိုင်ရရှိခဲ့သည်။ MFP ပါတီသည် စစ်ဘက်ဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ရန်၊ စစ်မှုမထမ်းမနေရဥပဒေဖျက်သိမ်းရန်နှင့် တိုင်းပြည်၏လက်ဝါးကြီးအုပ်သည့်စီးပွားရေးလုပ်ငန်းများကိုဖျက်သိမ်းရန် ကတိကဝတ်များအပါအဝင် လက်တွေ့ကျသောပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း မဲဆွယ်စည်းရုံးခဲ့သဖြင့် ရွေးကောက်ပွဲ၌ မထင်မှတ်ဘဲ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုအပြင်းထန်ဆုံးအရာမှာ ဘုရင့်ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်အောင်လုပ်ဆောင်မှုများအား တားမြစ်ထားသည့်ဥပဒေကို ပြင်ဆင်သွားမည်ဆိုသော MFP ပါတီ၏ ကတိကဝတ်ပင်ဖြစ်သည်။ ၎င်းဥပဒေသည် ဘုရင်နှင့်တော်ဝင်မိသားစုအား ပြစ်တင်ဝေဖန်သူများကို ရာဇဝတ်မှုကျူးလွန်သူများအဖြစ် ပြဋ္ဌာန်းထားရှိသည်။

ထိုကတိကဝတ်သည် စစ်ဘက်ကခန့်အပ်ထားသော အထက်လွှတ်တော်အမတ်များအပါအဝင် ရှေးရိုးစွဲအင်အားစုများကို MFP ပါတီခေါင်းဆောင် ပီတလင်ဂျာရိုနရတ်ကို ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခွင့်မရရှိရေး တားမြစ်ရန်စေ့ဆော်မှုဖြစ်လာခဲ့ပြီး နောက်ဆုံးတွင် MFP ပါတီကို ညွန့်ပေါင်းအဖွဲ့မှပင် နှုတ်ထွက်ရန်ဖိအားပေးခဲ့သည်။ MFP ပါတီသည် PTP ပါတီနှင့်ညွန့်ပေါင်းဖွဲ့ပြီး စစ်ဘက်နှင့် စစ်ဘက်ကထောက်ခံထားသော ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာအောက်တွင် စစ်ဘက်ထောက်ခံသောအစိုးရ၏ ဆယ်စုနှစ်တစ်ခုကြာအုပ်ချုပ်နေမှုကို အဆုံးသတ်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ဩဂုတ် ၂၁ ရက်တွင် PTP ပါတီက ဝန်ကြီးချုပ်ပရာယွတ်ချန်အိုချာနှင့် ပေါင်းစည်းထားသော စစ်ဘက်လိုလားသည့်ပါတီနှစ်ခု အပါအဝင် ၁၁ ပါတီညွန့်ပေါင်းအစိုးရသစ်ဖွဲ့စည်းမည့်အစီအမံကို ထုတ်ပြန်ကြေညာခဲ့သည်။

ဆိုရလျှင် ပြုပြင်ပြောင်းလဲမှု၏သဘောသဘာဝသည် ချဲ့ကားပြောဆိုရန်ခက်ခဲမည်ဖြစ်သည်။ ပြီးခဲ့သည့် ၁၅ နှစ်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာနှင့် ၎င်း၏ပါတီများသည် ထိုင်းနိုင်ငံ၏ ရှေးရိုးစွဲလူ့မလိုင်များအတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ သို့သော် ယခုနှစ် ရွေးကောက်ပွဲတွင် ထိုင်းပြည်သူများ၏ဆန္ဒမဲများကို ရယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် သုံးလကျော်ကတည်းက MFP ပါတီအပေါ်တွင်လည်း အစိုးရမဖွဲ့နိုင်ရေးအတွက် ကဖျက်ယဖျက်လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည်။



အမှန်တွင် ရွေးကောက်ပွဲ၌ MFP ပါတီ အနိုင်ရရှိပြီးနောက် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာနှင့် PTPပါတီတို့သည် ထိုင်းရှေးရိုးစွဲများအတွက် ကြီးမားသောခြိမ်းခြောက်မှုမဖြစ်တော့ပေ။ ပြည်တော်ပြန်လာမည်ဆိုသော ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏သဘောထားကလည်း ထိုင်းရှေးရိုးစွဲများအတွက် MFP ပါတီကဲ့သို့ ခြိမ်းခြောက်မှုမဖြစ်ဘဲ စိတ်သက်သာရာရစေခဲ့သည်။ မည်သို့ပင်ဆိုစေ ပြန်လည်ပေါင်းစည်းမှုလုပ်ဆောင်ခြင်းသည် အဓိပ္ပာယ်ရှိနေမည်ဖြစ်သည်။

ဆိုရလျှင် ထိုင်းရှေးရိုးစွဲများက ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ထင်ရှားကျော်ကြားမှုသည် အင်အားကြီးမားသော လူ့မလိုင်များကို ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ခဲ့သောကြောင့် တစိုက်မတ်မတ်ဆန့်ကျင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပြုပြင်ပြောင်းလဲမှုဖော်ဆောင်မည့် ပါတီတစ်ခုပေါ်ထွက်လာသည့်အချိန်တွင် ရှေးရိုးစွဲများသည် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာကို ၎င်းတို့နှင့်ပူးပေါင်းလုပ်ဆောင်နိုင်သည့်စီးပွားရေးသမားတစ်ဦးအဖြစ် ရှုမြင်လာခဲ့သည်။ မည်သို့ပင်ဆိုစေ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာသည် MFP ပါတီ ရွေးချယ်ခံအမတ်များနှင့်နှိုင်းယှဉ်လျှင် လူထုထောက်ခံမှု ဆက်လက်ရရှိနေဆဲပင်ဖြစ်သည်။

ထို့ပြင် အိမ်စောင့်အစိုးရ ဒုတိယဝန်ကြီးချုပ် ဝိစနုကရီကာဂန်က ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာအနေဖြင့် ပြစ်ဒဏ်ခံယူပြီးနောက် တော်ဝင်လွတ်ငြိမ်းချမ်းသာခွင့်လျှောက်ထားသွားမည်ဆိုလျှင် ပြစ်ဒဏ်မှလွတ်ငြိမ်းသက်သာခွင့်ရရှိနိုင်ကြောင်း ဇူလိုင်လအတွင်းက ပြောကြားသွားခဲ့သည်။ ဘုရင်က လွတ်ငြိမ်းချမ်းသာခွင့်ပေးမည်ဆိုလျှင် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ပြစ်မှုများ ပျက်ပြယ်သွားပြီး လွတ်လပ်စွာရပ်တည်နိုင်မည်ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ မည်သို့ဆက်လက်ဖြစ်ပေါ်မည်ကို စောင့်ကြည့်သွားရတော့မည်ဖြစ်သည်။ ပထမဆုံးအချက်အနေဖြင့် PTP ပါတီသည် ဆရီသာသာဗီဆင်ကို ဝန်ကြီးချုပ်ရာထူးတည်မြဲအောင်ဆောင်ရွက်သွားရန်လိုအပ်ပေသည်။ ဒုတိယအချက်အနေဖြင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ ပြန်လည်ရပ်တည်မှု၊ နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်နိုင်မှုတို့နှင့်စပ်လျဉ်း၍ အပြန်အလှန်သဘောတူညီချက်များရရှိရန် လိုအပ်ပေသည်။

မည်သို့ပင်ဆိုစေ ထိုင်းရှေးရိုးစွဲနိုင်ငံရေးသမားများသည် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာနှင့် ၎င်းကိုထောက်ခံသူများအပေါ် သံသယမဝင်စေရေးအတွက် ဆုတောင်းသွားရန်သာရှိသည်။ နှစ်ဖက်စလုံးသည် ကာလရှည်ကြာ ခါးသီးစွာရန်းကန်ခဲ့ရပြီးနောက် မလိုမုန်းတီးမှုများကို လျစ်လျူရှုသွားရန်ခက်ခဲနေမည်ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ဘက်တွင်လည်း PTP တာဝန်ရှိသူများနှင့် ရှပ်နီများသည် PTP ပါတီကို စစ်ဘက်ကျောထောက်နောက်ခံပေးထားသည့်ပါတီများနှင့် သဘောတူညီချက်ရယူခဲ့သဖြင့် စွန့်လွှတ်မှုများရှိလာနိုင်ပေသည်။ ထိုသို့ဖြစ်ပေါ်လာမည်ဆိုလျှင် ပါတီအတွင်း၌ ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ သာမန်ပြည်သူများအကျိုးရည်မျှော်သည့် အစီအစဉ်ကို ထောက်ခံသူများနှင့် ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲမှုကို ထောက်ခံသူများကြား သဘောထားကွဲလွဲမှုအက်ကြောင်းရှိလာနိုင်ပေသည်။ အမှန်တော့ အချို့သော PTP ပါတီဝင်များသည် လက်ရှိအချိန်တွင် MFP ပါတီနှင့် မိတ်ဆွေဖွဲ့နေပြီဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ၏ တိုင်းပြည်သို့ပြန်လာမှုသည် ထိုင်းရှေးရိုးစွဲများနှင့် ဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်ထရာ တည်ဆောက်ထားသော သာမန်ပြည်သူများအကျိုးကို ရည်မျှော်သည့် လှုပ်ရှားမှုတို့ကြား တိုက်ပွဲဖြစ်ပွားလျက်ရှိသော ထိုင်းနိုင်ငံရေးလောက၏ ရှုပ်ထွေးမှုအခြေအနေကို အဆုံးသတ်နိုင်မည်ဟု မျှော်မှန်းရပေသည်။ သို့သော် ပိုမိုကျယ်ပြန့်သောရှုထောင့်ကကြည့်မည်ဆိုလျှင် အချို့သောပလေယာများ ပြောင်းလဲသွားသည့်တိုင်အောင် ထိုင်းနိုင်ငံတွင် နိုင်ငံရေးတိုက်ပွဲသည် ဆက်လက်အရှိန်မြင့်မားနေဆဲပင်ဖြစ်သည်။

**ကိုးကား**

- **Former Thai PM Thaksin Returns From Self-exile as PM Vote Looms by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ချောက်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**ချောက် ဩဂုတ် ၂၈**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် သလုံးသွေးကျေးရွာနှင့် စမ်းနီကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် သက်ဆိုင်ရာကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ သလုံးသွေးကျေးရွာနှင့် စမ်းနီကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ်ပုံမှန်ဖြည့်သွင်းရမည့် စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းအမျိုးအစားအလိုက် ရန်ပုံငွေထုတ်ချေးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မှာကြားသည်။

သလုံးသွေးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးတို့အတွက် ငွေကျပ်သန်း ၆၀၊ စမ်းနီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးတို့အတွက် ငွေကျပ် ၃၈ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အိမ့်မိုး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၈-၈-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နာမည် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၃၆၆။ | ဦးတင်အောင်နှင့်ဇနီး ဒေါ်သန်းသန်းစိန် မိသားစုကောင်းမှု | ၈၅၀၀၀၀၀ |
| ၅၃၆၇။ | စန္ဒီဘယဆေး မိသားစုကောင်းမှု | ၁၀၀၈၀၀၀ |
| ၅၃၆၈။ | ဦးထွန်းရွှေနှင့်ဇနီး ဒေါ်သင်းသင်းဆွေ မိသားစုကောင်းမှု(ထွန်းရွှေဝါတိုင်းရင်းဆေး) | ၁၀၀၈၀၀၀ |
| ၅၃၆၉။ | ကိုသီဟနိုင်ထွန်းနှင့်ဇနီး ဒေါ်ခင်သူလင်းမိသားစုကောင်းမှု | ၅၂၀၀၀၀ |
| ၅၃၇၀။ | ဒေါ်သန်းမြမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၁။ | ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်စန်းစန်းဝင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၂။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေးမိသားစုကောင်းမှု (ပန်းတနော်မြို့) | ၅၀၀၀၀၀ |
| ၅၃၇၃။ | ကွယ်လွန်သူ ဦးမြင့်ရွှေအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၄။ | ဒေါ်ကြည်ကြည်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၅။ | ဦးမျိုးတင့်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၅၃၇၆။ | ဗိုလ်မှူးအောင်သူရဝင်းမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၅၃၇၇။ | ဦးအေးဟန်နှင့်ဇနီး ဒေါ်ညွန့်ညွန့်ဆွေ မိသားစုကောင်းမှု | ၃၅၀၀၀၀ |
| ၅၃၇၈။ | ဦးထွန်းကြည်နှင့်ဇနီး ဒေါ်ဝိုင်းကြည် မိသားစုကောင်းမှု | ၃၃၀၀၀၀ |
| ၅၃၇၉။ | ဦးနာရဒကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၀။ | ဗိုလ်ကြီးမိုးဝေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၁။ | ရဲမှူးရဲမြင့်နှင့်ဇနီး ဒေါ်ကြူကြူသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၂။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၃။ | ဦးအောင်သန်းထွဋ် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၄။ | ဦးမိုးဇော်နှင့်ဇနီး ဒေါ်သက်သက်လွင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၅။ | ဦးကျော်မြနှင့်ဇနီး ဒေါ်လှမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၆။ | ဦးမြင့်စိုးမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၇။ | ဦးအေးမင်းစိုးနှင့်ဇနီး ဒေါ်ပပဝင်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၈။ | ဦးအုန်းကြွယ်နှင့်ဇနီး ဒေါ်ခင်စန်းရီမိသားစုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၈၉။ | ဒေါ်မိမိချိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |

| စဉ် | နာမည် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၃၉၀။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်တင်ကြူကြူဆွေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၉၁။ | ဦးမြတ်ထွန်းနှင့်ဇနီး ဒေါ်လှလှသင်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၅၃၉၂။ | ဒေါ်ကျင်အေးမိသားစုကောင်းမှု | ၂၉၁၀၀၀ |
| ၅၃၉၃။ | ဒေါ်ခင်သန်းနွဲ့မိသားစုကောင်းမှု | ၂၅၂၀၀၀ |
| ၅၃၉၄။ | ဒေါ်ကျင်ပြုံး၊ ဒေါ်စန်းမြင့် မိသားစုများကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၅။ | ဦးလွင်ကြည်မောင်နှင့်ဇနီး ဒေါ်ခင်ညိုတင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၆။ | ဦးသီဟအောင်နှင့်ဇနီး ဒေါ်အိအိခင် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၇။ | ဒေါ်ဝင်းဝင်းကြည်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၈။ | ဦးမင်းဇင်နှင့်ဇနီး ဒေါ်ခင်စန်းရီ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၃၉၉။ | ဒေါ်နန်းချစ်နှင်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၀။ | ဦးစိန်လွင်နှင့်ဇနီး ဒေါ်သီတာယုမွန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၁။ | ဦးမောင်မောင်ပြည့်စုံနှင့်ဇနီး ဒေါ်မွှေးမွှေးအိ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၂။ | ဒေါ်ခင်ငြိမ်းအေးမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၅၄၀၃။ | ဦးသိန်းဌေးနှင့်ဇနီး ဒေါ်ခင်စုကြည်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၅၄၀၄။ | ဦးဝင်းမြင့်နိုင်မိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၅၄၀၅။ | ဒေါက်တာစန်းစန်းအေးမိသားစုကောင်းမှု | ၁၁၅၀၀၀ |
| ၅၄၀၆။ | ဒုတိယဗိုလ်မှူးကြီးအောင်ဇင်နှင့်ဇနီး ဒေါက်တာဒေါ်ဝင်းမာကျော်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၇။ | ဦးစိုးနိုင်အောင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၈။ | ဒုတိယဗိုလ်မှူးကြီးသက်တင်အောင်နှင့်ဇနီး ဒေါ်နှင်းနှင်းအေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၀၉။ | ကွယ်လွန်သူ ဦးသိန်းအောင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၅၄၁၀။ | ဦးမောင်မောင်ဦးမိသားစုကောင်းမှု (ဂရိတ်ဝေါတိုင်းရင်းဆေး) | ၁၁၀၀၀၀ |
| ၅၄၁၁။ | မြန်မာ့စီးပွားရေးဘဏ်မှ အရာထမ်း၊ အမှုထမ်းများ ကောင်းမှု | ၁၀၁၃၀၀ |
| ၅၄၁၂။ | ဒေါ်စန်းစန်းမြင့် မိသားစုကောင်းမှု | ၁၀၁၀၀၀ |

| စဉ် | နာမည် အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၅၄၁၃။ | Mr. Tian Haoran နှင့် Mr. Zhang Siyuan မိသားစုကောင်းမှု (တရုတ်နိုင်ငံ) | Yuan 500 |
| ၅၄၁၄။ | ဒေါ်ဝင်းမြင့်မြင့်ထွန်းမိသားစုကောင်းမှု | ၁၀၁၀၀၀ |
| ၅၄၁၅။ | ဦးကောဏ္ဍညကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၆။ | ဒေါ်ခင်ညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၇။ | ဒေါ်သန်းသန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၈။ | ဦးဇေယျာထွန်းနှင့်ဇနီး ဒေါ်သင်းသင်းမြတ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၁၉။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်ဌေးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၀။ | ဦးစန်းအောင်နှင့်ဇနီး ဒေါ်စီဌေးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၁။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်ဝင်းကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၂။ | ဦးသန်းဝင်းနှင့်ဇနီး ဒေါ်အုန်းဌေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၃။ | ဒေါ်စန်းစန်းမော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၄။ | ဦးအောင်သန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၅။ | ဦးနောင်ကိုကိုနှင့်ဇနီး ဒေါ်ရဲသူဇာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၆။ | ဦးအောင်မိုးလွင်နှင့်ဇနီး ဒေါ်စုစုစိန် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၇။ | ဦးတင်စိုးနှင့်ဇနီး ဒေါ်မြမြအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၈။ | ဦးကျော်သန်းနှင့်ဇနီး ဒေါ်ကြည်မြ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၂၉။ | ဦးတင်ထွန်းဝင်းနှင့်ဇနီး ဒေါ်ခင်တင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၀။ | ဦးအမိန မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၁။ | ဦးစိုးမိုးအောင်နှင့်ဇနီး ဒေါ်သုဇာမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၂။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ကြူကြူဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၃။ | ဒေါက်တာဟိန်းမျိုးထက်နှင့်ဇနီး ဒေါ်ရတနာလင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၄။ | ဦးလင်းအောင်နှင့်ဇနီး ဒေါ်အေးခွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၅။ | ဒေါ်လှလှမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၅၄၃၆။ | ဦးခင်မောင်ဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၀၀၀၀၀၃၃၅၆၀၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၀၇၀၀၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** — ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** — ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး သတိပြုရမည့်အချက်များ

- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို နာတာရှည်ရောဂါအခံရှိသူများ (ဥပမာ- ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်၊ အသည်း၊ ပန်းနာရင်ကျပ်၊ အဆုတ်၊ လေဖြတ်ရောဂါ စသည့်ရောဂါဝေဒနာ တစ်ခုခုခံစားနေရသူများ)အနေဖြင့် သာမန်လူများထက် ပိုမိုအလေးထားဆောင်ရွက်သင့်ပါသည်။
- ကိုဗစ်-၁၉ ရောဂါကို ရောဂါအမြစ်ပြတ်သည်အထိ ကာကွယ်ထိန်းချုပ်ရန်အတွက် ကိုဗစ်ကာကွယ်ဆေးထိုးနှံခြင်းမှအပ ကျန်သည့်နည်းလမ်းများမရှိသေးပါ။
- ကိုဗစ်-၁၉ ရောဂါပိုးကို ထိရောက်စွာ တွန်းလှန်ကာကွယ်နိုင်ရေးအတွက် လေကောင်းလေသန့်ရရှိ၍ လေဝင်လေထွက်ကောင်းမွန်သော နေရောင်ခြည်နှင့် အလင်းရောင်ကောင်းစွာရရှိသော၊ လူနေစုပြုံ၍ လူထူထပ်မှုမရှိသော ပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ပြင်ဆင်ဆောင်ရွက်သင့်ပါသည်။

# ပျားမွေးမြူရေးလုပ်ငန်းမှတ်ပုံတင် လုပ်ကိုင်ဆောင်ရွက်သူ တိုးတက်များပြားလာ



**နေပြည်တော် သြဂုတ် ၂၈**

ပျားမွေးမြူရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပျားအုံများ တိုးချဲ့မွေးမြူနိုင်ရန်အတွက် ဆောင်ရွက်ပေးနေသဖြင့် ပျားမွေးမြူရေးလုပ်ငန်းကို မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်သူ တိုးတက်များပြားလာကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတင်းများအရ သိရသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ရော်ဘာပျားရည်နှင့် လိုက်ချီးပျားရည် စသည့် ပျားရည်အမျိုးအစားများကို ထုတ်လုပ်ဆောင်ရွက်နေပြီး ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့လည်း တင်ပို့ရောင်းချပေးလျက်ရှိသည်။

မြန်မာနိုင်ငံမှ ထွက်ရှိနေသည့် ပျားရည်များသည် အမေရိကန်နိုင်ငံအပါအဝင် ဂျပန်၊ ကိုရီးယား၊ ကနေဒါ၊ အာဆီယံဒေသတွင်း ဈေးကွက်များတွင် ဈေးကွက်နေရာ ရရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါဖောက်သည်ဈေးကွက်နိုင်ငံများတွင် မြန်မာ့ပျားရည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀၀ မှ ၃၀၀၀ ထိ ဈေးနှုန်းရရှိနေပြီး တစ်နှစ်လျှင် တန်ချိန် ၃၀၀၀ ထိ တင်ပို့ရောင်းချပေးနေခဲ့ရကြောင်း သိရသည်။

အဆိုပါအခြေအနေများအရ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပျားလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်တွင်းရှိ မြို့နယ် ၃၁ မြို့နယ်၌ အစိုးရပိုင် ပျားမွေးမြူရေးစခန်း စုစုပေါင်း ၃၁ ခု ဖွင့်လှစ်ထားရှိကာ ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသကဲ့သို့ ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နည်းပညာများနှင့် ပျားဘုရင်မ မျိုးကောင်းမျိုးသန့်များ ပံ့ပိုးကူညီပေးလျက်ရှိသည်။

ထို့ပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အရည်အသွေးမြင့်ပျားရည်များထုတ်လုပ်နိုင်ရေးအတွက် ပျားဘုရင်မများကို မျိုးမြှင့်တင်ဆောင်ရွက်ရန်၊ ပြည်ပမှ ပျားဘုရင်မမျိုးကောင်းမျိုးသန့်များ ဝယ်ယူတင်သွင်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအခါ ပြည်တွင်း၌ ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ယခင်ကထက် ပိုမိုများပြားလာပြီး ယခင်က မှတ်ပုံတင်လုပ်ကိုင်ဆောင်ရွက်နေသည့် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀၀ ကျော်သာရှိနေခဲ့ရာမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိက ပျားမွေးမြူသူဦးရေ ၈၂၀ ကျော်ထိ တိုးတက်များပြားလာခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် လုပ်ကိုင်နေသူ ဦးရေ ၉၅၀ ကျော်ထိ ရှိလာခဲ့ကြောင်း သိရသည်။

SKL

# မြောက်ဦးမြို့နယ်၌ ကုန်ထုတ်လမ်းနှင့် Box Culvert ဆောင်ရွက်ရန် စစ်ဆေး

**မြောက်ဦး သြဂုတ် ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ တိန်ညိုရွာဟောင်း(တောင်ပိုင်း)ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သြဂုတ် ၂၇ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဦးချစ်မောင်၊ မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးကျော်ညွန့်၊ မြောက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ တိန်ညိုရွာဟောင်း(တောင်ပိုင်း)ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်နေရာ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကိုရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဦးစီးမှူး ဦးဦးချစ်မောင်က လိုအပ်သည်များ မှာကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မြောက်ဦးမြို့နယ်အတွင်း တိန်ညိုရွာဟောင်း(တောင်ပိုင်း) ကျေးရွာ၌ အရှည်ပေ ၃၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေ ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် အလျား ခြောက်ပေ၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်ပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇၅သန်းဖြင့် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**

## ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ












## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်အမှတ် (က/၁၇၉၇)၊ Grade-12 မှ မဆောင်းအိမ်ခြွေဟန်၏ဖခင်အမည်မှန်မှာ ဦးဟိန်းထိုက်လွင် ဖြစ်ပါကြောင်း။

**ဦးဟိန်းထိုက်လွင်(၈/ ရနခ(နိုင်)၀၈၁၈၅၁)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စီတီးရပ်ကွက်နေ ဦးဇော်ဝမ်း-ဒေါ်ညွန့်ညွန့်စိန် တို့၏သား ဖြစ်သူ **မောင်ဥက္ကာဇော်** သည် မိဘတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝများအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဇော်ဝမ်း (၅/ စကန(နိုင်)၁၄၅၅၄၃)**

**ဒေါ်ညွန့်ညွန့်စိန် (၅/ စကန(နိုင်)၂၁၁၁၂၀)**

## ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက် (၂၅၅)နေ မထက်ထက်အောင်(ဘ)ဦးအောင်နိုင်(၉/မကန(နိုင်)၁၁၆၇၅၄)နှင့် **ကိုနေမျိုးဦး (ဘ)ဦးမျိုးမြင့်(၉/ ခအစ(နိုင်)၀၀၇၆၁၀)** တို့သည် ၂၃-၆-၂၀၁၇ ရက်နေ့တွင် တရားဝင် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ပေါင်းသင်းနေထိုင်စဉ် ကိုနေမျိုးဦးသည် ကျွန်မခွင့်မပြုသော ကိစ္စရပ်များကိုပြုလုပ်ပြီး နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မထက်ထက်အောင်(၉/ မကန(နိုင်)၁၁၆၇၅၄)**

## ဖခင်အမည်မှန်

မန္တလေး၊ အမရပူရမြို့နယ်၊ အ.ထ.က(၂)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ Grade-9တွင် ပညာသင်ကြားနေသော မကေသွယ်ထွန်း၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမျိုးခိုင် ဖြစ်ပါကြောင်း။ **ဦးမျိုးခိုင်(၉/ အမရ(နိုင်)၁၁၆၄၇၁)**

## မွေးသက္ကရာဇ်အမှန်

အမရပူရမြို့နယ်၊ အထက(၁)တွင် ဒုတိယအလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော (ဘ) ဦးဗိုလ်နီ (၉/အမရ(နိုင်)၀၈၃၄၇၃)၏သမီး ဒေါ်ဇာနည်နွယ် (ခ) ဒေါ်ဇာနီနွယ် (၉/အမရ(နိုင်)၀၉၄၄၀၅)၏ မွေးသက္ကရာဇ်အမှန်မှာ အခြေခံပညာအထက်တန်းစာမေးပွဲ အောင်လက်မှတ်(က)အရ ၁၃-၃-၁၉၇၉ ဖြစ်ပါကြောင်း။ **၁၃-၃-၁၉၇၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်နေ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်အေး တို့၏သားဖြစ်သူ **မောင်ဝဏ္ဏသူ (၉/ ခအစ(နိုင်)၀၂၀၀၀၉)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်မောင်ဝင်း (၉/ မနတ(နိုင်)၀၅၃၀၃၈)**

**ဒေါ်တင်တင်အေး (၉/ မနတ(နိုင်)၀၅၀၃၆၀)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ဖခင်အမည်မှန်

မန္တလေး၊ ရတနာပုံတက္ကသိုလ်၊ သချာ်အထူးပြုဘာသာရပ်၊ စတုတ္ထနှစ်တွင် ပညာသင်ကြားနေသော မထူးတင်ဇာဝင်း ၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးမျိုးခိုင် ဖြစ်ပါကြောင်း။

**ဦးမျိုးခိုင် (၉/ အမရ(နိုင်)၁၁၆၄၇၁)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဟသ်ာရပ်ကွက်နေ ဦးဌေးအောင် - ဒေါ်မြင့်မြင့်မော် တို့၏သားဖြစ်သူ **မောင်အောင်သူရိန်** သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးဌေးအောင် (၈/ စလန(နိုင်)၀၀၄၈၁၄)**

**ဒေါ်မြင့်မြင့်မော် (၈/ ခမန(နိုင်)၁၀၂၅၈၇)**

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

**ခြင်ဆေးခွေ သုံးလျှင် သတိယူဉ် အောက်တွင် ခံခွက် မမေ့နှင့်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက်ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စည်းကမ်းဟူသည် တူညီသည့် သွင်ပြင်လက္ခဏာ၊ နေထိုင်လှုပ်ရှားမှုများရရှိရန် ကန့်သတ်ထားမှုများဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် မတ် ၆ ရက်တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊စစ်သည်၊မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မန္တလေးနည်းပညာတက္ကသိုလ်နှင့် ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်မှု မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

စာမျက်နှာ - ၁၇

## ဧရာဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ရွှေကူ၊ပန်းမော်၊မြစ်ကြီးနားဘက်ရှိ မြစ်ကမ်းဘေးနေသူများ သတိပြုနေထိုင်ရန်လိုဟုဆို

စာမျက်နှာ - ၂

## မြန်မာ့ကော်ဖီစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ကော်ဖီဇုန် သုံးဇုန်ခွဲ၍ ကော်ဖီကေ သုံးသိန်း စိုက်ပျိုးရန်စီစဉ်

စာမျက်နှာ - ၂၇



# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို ခွဲစိတ်ကုသပေး



**နေပြည်တော် ဩဂုတ် ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနသည် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံ **Japan Heart** အဖွဲ့မှ ခွဲစိတ်အထူးကုသွားဆရာဝန်ကြီး **Dr.Naoko KISHI**နှင့် ပူးပေါင်း၍ ဩဂုတ် ၂၂ ရက်မှ ၂၄ ရက်ထိ နေပြည်တော် သွားနှင့်ခံတွင်းအထူးကုဆေးရုံတွင် **Joint Operation** အနေဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးလူနာများကို ခွဲစိတ်ကုသခြင်းနှင့် လက်တွေ့သင်ကြားပို့ချမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါအစီအစဉ်တွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ကိုးဦးကို ခွဲစိတ်ကုသပေးခဲ့ပြီး **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

၂၈-၈-၂၀၂၃

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

### မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၈-၈-၂၀၂၃)

| | | | | |
|---|---|---|---|---|
| တောင်ကုတ် | ၄ | ဒသမ | ၁၃ | လက်မ |
| ခမ်တီး | ၄ | ဒသမ | ၀၅ | လက်မ |
| ချောင်းဆုံ | ၃ | ဒသမ | ၃၅ | လက်မ |
| မုဒုံ | ၃ | ဒသမ | ၀၃ | လက်မ |
| မာန်အောင် | ၂ | ဒသမ | ၉၉ | လက်မ |
| ကျောက်ဖြူ | ၂ | ဒသမ | ၈၄ | လက်မ |

